# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၉ရက်၊ ၂၀၁၀ ခုနှစ်၊ ဩဂုတ် ၄ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၉)၊ အမှတ်(၁၀၃)


**နိုင်ငံရေး ဦးတည်ချက်(၄)ရပ်**

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက်(၄)ရပ်**

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက်(၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ဗီယက်နမ်နိုင်ငံ ဒါလတ်မြို့၌ကျင်းပသော

# (၂၈)ကြိမ်မြောက် အာဆီယံစွမ်းအင်ဝန်ကြီးများအစည်းအဝေး စွမ်းအင်ဝန်ကြီး ဦးလွန်းသီ တက်ရောက်

နေပြည်တော် ဩဂုတ် ၃

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီသည် ဇူလိုင် ၂၂ရက်တွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒါလတ်မြို့၌ကျင်းပသော (၂၈)ကြိမ်မြောက် အာဆီယံစွမ်းအင်ဝန်ကြီးများအစည်းအဝေး၊ အာဆီယံ စွမ်းအင်ဝန်ကြီးများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့မှ စွမ်းအင်ဝန်ကြီးများ အစည်းအဝေးနှင့် အရှေ့အာရှဒေသ စွမ်းအင်ဝန်ကြီးများအစည်းအဝေးတို့ကို တက်ရောက်သည်။

### လွှဲပြောင်းပေးအပ်

အစည်းအဝေးစတင်ကျင်းပလျှင် (၂၇)ကြိမ်မြောက် အာဆီယံစွမ်းအင်ဝန်ကြီးများအစည်းအဝေး သဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည့် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီက အဖွင့်အမှာစကားပြောကြားပြီး ယခုနှစ် (၂၈)ကြိမ်မြောက် အာဆီယံစွမ်းအင်ဝန်ကြီးများအစည်းအဝေး သဘာပတိအဖြစ် ဆောင်ရွက်မည့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr.Vu Huy Hoang ထံ တာဝန်လွှဲပြောင်းပေးအပ်သည်။

စာမျက်နှာ ၃ ကော်လံ ၁ ❐

# ပါရမီရှင်၊ ဝါသနာရှင် သစ်လွင်မောင်မယ်များကို ကြိုဆိုပါသည်

➢ သတင်းဆောင်းပါး - စန္ဒာခင် ➢ စာမျက်နှာဖွဲ့စည်းမှု - မိုးမိုးအောင် (မြန်မာ့အလင်း)

နေပြည်တော် ဩဂုတ် ၃

၂၀၁၀ခုနှစ် ဇွန်လ ၁၃ရက်နေ့က မြန်မာနိုင်ငံတစ်ဝန်း စာစစ်ဌာနအားလုံး၏ တက္ကသိုလ်ဝင်တန်း အောင်စာရင်းများ ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။ နှစ်စဉ်နှစ်တိုင်း တက္ကသိုလ်ဝင်တန်းစာမေးပွဲကို အောင်မြင်သူပေါင်းမှာ တစ်သိန်းခွဲ၊ နှစ်သိန်းဝန်းကျင်ရှိကြောင်း သိရသည်။ အောင်စာရင်းတွေ သိရှိပြီးသည့်နောက် မကြာခင်မှာ တက္ကသိုလ်ဝင်ခွင့်တွေကို လျှောက်ထားရတော့မည်။ တက္ကသိုလ်ဝင်ခွင့်ကို ရွေးချယ်လျှောက်ထားရာတွင် အများစုမှာ ရရှိသောအမှတ်ပေါ်တွင် အခြေခံ၍ စဉ်းစားရွေးချယ်ကြသည်။ အမှတ်အမြင့်ဆုံး သတ်မှတ်ထားသည့် တက္ကသိုလ်ကို ဝင်ခွင့်မရခဲ့သော်လည်း မိမိ၏ရမှတ်ပေါ်မူတည်ကာ ဝင်နိုင်သော အခြားတက္ကသိုလ်ကိုရွေးချယ်၍ လျှောက်ကြပြန်သည်။ ဤကဲ့သို့ စဉ်းစားရွေးချယ်မှုသည် သားသမီးအပေါ် စေတနာလွန်သော မိဘများ၏ အစဉ်အလာတစ်ခုကဲ့သို့ ဖြစ်နေသည်။

## ဘာသာရပ်ရွေးချယ်မှု

အမှန်အားဖြင့် ကျောင်းသားတစ်ဦး၏ တက္ကသိုလ်ဘာသာရပ်ရွေးချယ်မှုသည် ကာယကံရှင်၏ ပင်ကိုဗီဇ၊ ပါရမီ၊ ဝါသနာစသည့် အခြေခံအချက်အလက်များကို မူတည်၍ စဉ်းစားသင့်ပါသည်။ လူတစ်ယောက်၏ စိတ်ပါဝင်စားမှုသည် ဗီဇ၊ ပါရမီ၊ ဝါသနာတို့နှင့် တိုက်ရိုက်ပတ်သက်နေသည်။ စိတ်ပါဝင်စားမှုဆိုရာတွင် စိတ်ပါမှ ဝင်စားနိုင်သည်ဆိုသော သဘောတရားကို ဖော်ပြနေပါသည်။ လူတစ်ယောက်၏ အောင်မြင်မှု၊ ကျော်ကြားမှု၊ ထူးချွန်မှုတို့သည် ကံကောင်းထောက်မ၍ ရရှိလာခြင်းမဟုတ်ပါ။ ၎င်း၏ စိတ်ပါဝင်စားမှုနှင့် ကြိုးစားအားထုတ်မှု အတိမ်အနက်ကြောင့် ရရှိခံစားရခြင်းဖြစ်သည်။

စာမျက်နှာ ၇ ကော်လံ ၁ ❍



**ပန်းပုထုလုပ်**

ပန်းပုအထူးပြုဘာသာရပ်၌ ကျောင်းသား ကျောင်းသူများ လက်တွေ့ ပန်းပုထုလုပ်စဉ်။



**ကပြ တင်ဆက်**

သဘင်အထူးပြုပညာဌာန၌ ကျောင်းသား ကျောင်းသူများ လက်တွေ့ကပြ တင်ဆက်စဉ်။

4-8 (01).pmd 1 8/4/2010, 2:05 AM

မြန်မာ့အလင်း

## အယ်ဒီတာ့ အာဘော်

(၂၀၁၀ ခုနှစ် ဩဂုတ် ၄ ရက်)

# အရည်အသွေးမြင့်မားသည့် အသိပညာ၊ အတတ်ပညာရှင်များ ပြုစုပျိုးထောင်

နိုင်ငံတော်အစိုးရသည် နိုင်ငံတကာအဆင့်မီ ပညာရည်မြင့်မားရေး၊ နိုင်ငံသားတိုင်း ပညာတတ်မြောက်ရေးနှင့် အရည်အသွေးမြင့်မားသည့် အသိပညာ၊ အတတ်ပညာရှင်များ စဉ်ဆက်မပြတ် ပေါ်ထွန်းလာစေရေးအတွက် အခြေခံပညာနှင့် အဆင့်မြင့်ပညာကဏ္ဍနှစ်ရပ်လုံးကို ဟန်ချက်ညီညီ ပေါင်းစပ်ဆောင်ရွက်လျက်ရှိသည်။

ပညာရေးကဏ္ဍ၏ စွမ်းအားစုများဖြစ်သည့် ဆရာ ဆရာမများသည် မျိုးဆက်သစ်လူငယ်များအား ပညာရည်ထူးချွန်ထက်မြက်သည်သာမက စိတ်ဓာတ်၊ စည်းကမ်းမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ရေးအတွက်ပါ လေ့ကျင့်ပျိုးထောင်သွားကြရမည်ဖြစ်သည်။

ယနေ့ကာလ မျိုးဆက်သစ်လူငယ်များအပါအဝင် ပြည်ထောင်စုတိုင်းရင်းသားများအားလုံး အစဉ်ထာဝရလက်ဆင့်ကမ်း တည်ဆောက်သွားကြရမည့် အမျိုးသားရေးစိတ်ဓာတ်သည် ပြည်ထောင်စုစိတ်ဓာတ်ပင်ဖြစ်သည်။

ဆရာ ဆရာမများသည် အနာဂတ်နိုင်ငံတော်ကို လက်ဆင့်ကမ်း တာဝန်ယူသွားကြရမည့် လူငယ်လူရွယ်များအား စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ကိုအရင်းခံပြီး အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ထိန်းသိမ်းစေလိုသောစိတ်ဓာတ် အခြေခံကောင်းများကို အစဉ်တစိုက် တည်ဆောက်ပေးသွားကြရမည်ဖြစ်သည်။

ပဓာနကျသော လူ့စွမ်းအားအရင်းအမြစ်များကို ပြုစုပျိုးထောင်ပေးနေသော ဆရာ ဆရာမများသည် မြန်မာ့ပညာရေးမျှော်မှန်းချက် ပေါက်မြောက်အောင်မြင်ရန် ခိုင်မာသည့် အမျိုးသားရေးယုံကြည်ချက်၊ ခံယူချက်များ၊ ကျယ်ပြန့်သည့် အမျိုးသားရေး အသိအမြင်၊ စိတ်ဓာတ်ရေးရာအင်အားသစ်များနှင့်အတူ အရည်အချင်းနှင့် အရည်အသွေးပါပြည့်ဝသည့် ဆရာ ဆရာမများအဖြစ် ကြိုးပမ်းစွမ်းဆောင်သွားကြရမည်ဖြစ်သည်။

သို့ဖြစ်ပေရာ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီးကို တည်ဆောက်ရာတွင် ပါဝင်ဆောင်ရွက်ကြမည့် လူ့စွမ်းအား အရင်းအမြစ်များကို အရည်အသွေးမြင့်မားသည့် အသိပညာ၊ အတတ်ပညာရှင်များအဖြစ် ပေါ်ထွန်းလာစေရန် ဆရာ ဆရာမများက အမျိုးသားရေးတာဝန်အဖြစ် ခံယူ၍ ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## မြဝတီရုပ်မြင်သံကြား

၄-၈-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ တရားတော်
- ၇:၁၀ ၃။ အရှင်ဇနကာဘိဝံသ ထေရုပ္ပတ္တိ မဟာဂန္ဓာရုံမှာ ပညာရှာမီးလိုလျှင်
- ၇:၂၀ ၄။ ဓမ္မပူဇာတေး
- ၇:၂၅ ၅။ မျိုးချစ်တပ်မတော်
- ၇:၃၀ ၆။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၅ ၇။ မြန်မာသံစဉ် ချိုနားဝင်
- ၇:၄၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၉။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

**ညပိုင်း**

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၃၅ ၃။ အမျိုးသားရေးတေးကဗျာ
- ၄:၄၀ ၄။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၄:၅၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅:၀၅ ၇။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
- ၅:၁၅ ၈။ ရင်ခုန်စီးဆင်း အချစ်သီချင်း
- ၅:၂၅ ၉။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
- ၅:၃၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆:၂၅ ၁၃။ လျှပ်တစ်ပြက်
- ၆:၃၅ ၁၄။ Mail Box
- ၆:၄၅ ၁၅။ ကာတွန်းအစီအစဉ် **စွန့်စားသူတို့ပျော်စံရာ** (အပိုင်း-၃၅)
- ၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **စိမ်းရောင်ခြယ်လှည်းကလေး** (အပိုင်း-၃၆)
- ၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ နိုင်ငံတကာသတင်း
- ၁၉။ မိုးလေဝသသတင်း
- ၂၀။ အမျိုးသားရေးတေးကဗျာ
- ၂၁။ ရယ်ရွှင်စရာ ဟာသပဒေသာ **အသံအကျိုးဆောင်** (ဇာတ်သိမ်းပိုင်း) သူရလင်း၊ ပေါ်လေး၊ ဗေဒါ၊ ရေချမ်း၊ စိုပြေ၊ မိုးဖြူ၊ ရန်နိုင်၊ မိုးပွင့်၊ မျိုးစန္ဒီကျော်၊ ရီရီပွင့်ဖြူ၊ မျိုးမျိုးခိုင် ဒါရိုက်တာ-မောင်ပြည့်ဝ (ပန်းဝေသီ)
- ၂၂။ အိုင်စီတီသုတ
- ၂၃။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ခေတ်တစ်ခေတ်ရဲ့ သူ့ရဲကောင်း** (အပိုင်း-၆၇)
- ၂၅။ ဒီဇိုင်နာတို့ရဲ့ ဒီဇိုင်း



## ရေစစ်ကန်နှင့်ရေစုကန် ကော့ကရိတ်ဆေးရုံ၌ တည်ဆောက်

**ကော့ကရိတ် ဩဂုတ် ၃**

ကော့ကရိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကော့ကရိတ်မြို့နယ် ပြည်သူ့ဆေးရုံဝင်းအတွင်း ရေစစ်ကန်နှင့်ရေစုကန် တည်ဆောက်လျက်ရှိရာ ထိုသို့တည်ဆောက်နေမှုကို တာဝန်ခံအင်ဂျင်နီယာ ဦးလှမြင့်နှင့် အငယ်တန်းအင်ဂျင်နီယာ(၃) စောဟိန်းမင်းတို့က ကြီးကြပ် ဆောင်ရွက်ကြသည်။

(မြို့နယ်စည်ပင်)

## ယာဉ်စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းညှိနှိုင်း
## တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ တက်ရောက်မှာကြား

**နေပြည်တော် ဩဂုတ် ၃**

မန္တလေးတိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၃၀ရက်က တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဖုန်းဇော်ဟန်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မန္တလေးတိုင်း မော်တော်ယာဉ်ထိန်းသိမ်းရေးအဖွဲ့မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ရှင်းလင်းတင်ပြ**

ရှေးဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး တာဝန်ရှိသူများက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးဆိုင်ရာများ ရှင်းလင်းတင်ပြကြကာ တိုင်းမှူးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

**ကြည့်ရှုအားပေး**

ထို့နောက် တိုင်းမှူးသည် ကျောက်တိုင် အားကစားကွင်း၌ ကျင်းပသော တိုင်းမှူးဒိုင်းဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ (၂၉) ရပ်ကွက် ကောက်လျှင်(၁)လမ်း အမှတ် ၁၅၄/၁ နေ မိဘနှစ်ပါးအား ရည်စူး၍ သား ဒုတိယဗိုလ်မှူးကြီးအောင်ကြီး(ငြိမ်း) မိသားစုနှင့် သမီး ဒေါ်ခင်မာကြိုင်၊ ဒေါ်ခင်စန်းရီ၊ ဒေါ်ခင်သန်းမြင့်တို့က ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေး လမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန် (ကင်ဆာ) ဖောင်ဒေးရှင်း အတွင်းလူနာ (ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ် ၃၃၀၀၀၀ လှူဒါန်းရာ အတွင်းရေးမှူး ဦးထွန်းအေးက လက်ခံယူစဉ်။

(ကင်ဆာဖောင်ဒေးရှင်း)

## ရွှေဒါး အခြေခံပညာအထက်တန်းကျောင်းခွဲ
## ရမည်းသင်းမြို့နယ်၌ ဖွင့်လှစ်

**ရမည်းသင်း ဩဂုတ် ၃**

မန္တလေးတိုင်း ရမည်းသင်းမြို့နယ် ရွှေဒါးအခြေခံပညာအထက်တန်းကျောင်းခွဲ ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၃၁ရက် နံနက် ၈ နာရီခွဲက မုခ်ဦးရှေ့၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးလှဝင်းတင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်မင်း၊ ခရိုင်ပညာရေးမှူးဦးသန်းထွန်းဟန်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးတင်အောင်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)**

ထို့နောက် ခရိုင်ဥက္ကဋ္ဌ ဦးလှဝင်းတင်နှင့် ခရိုင်ပညာရေးမှူး ဦးသန်းထွန်းဟန်တို့က အမှာစကားပြောကြားပြီး ရွှေဒါးအခြေခံပညာအထက်တန်းကျောင်းခွဲ အဆင့်တိုးမြှင့်ဖွင့်လှစ်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးခဲ့ကြသော ပုဂ္ဂိုလ်များနှင့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ထို့နောက် ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် အောင်မြင်ခဲ့ကြသော ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုဆုများပေးအပ်သည်။

**လှူဒါန်း**

ဆက်လက်၍ ရွှေဒါးအခြေခံပညာအထက်တန်း ကျောင်းဆောင်သစ်အတွက် ရပ်ရွာစေတနာရှင်မိဘများက ငွေကျပ်သိန်း ၂၀ကို လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူသည်။

(ခရိုင် ပြန်/ဆက်)



❒ *ရှေ့ဖုံးမှ*

### ဆွေးနွေး

အဆိုပါ အစည်းအဝေးတွင် အာဆီယံဒေသအတွင်း စွမ်းအင်ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ရာသီဥတု ပြောင်းလဲခြင်းနှင့် အာဆီယံ၏ စီးပွားရေးကဏ္ဍပြောင်းလဲမှုများအပေါ် တုံ့ပြန်ရင်ဆိုင်နိုင်ရန်အတွက် တက်ရောက်လာကြသည့် အာဆီယံစွမ်းအင်ဝန်ကြီးများက မိမိတို့၏ စွမ်းအင်မူဝါဒနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




(၂၈)ကြိမ်မြောက် အာဆီယံ စွမ်းအင်ဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။ (သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၄-၈-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

- ၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၁၅ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး- မောင်မောင်လတ်)
- ၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၄။ နံနက်ခင်းသတင်း
- ၇း၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး
- ၇း၅၅ ၆။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၈း၀၅ ၇။ ကွမ်းတောင်-ပုဏ္ဏားကျွန်း- ယိုးတရုတ်ရထားလမ်းပိုင်း
- ၈း၁၅ ၈။ အကပြိုင်ပွဲ
- ၈း၂၅ ၉။ တေးဂီတအစီအစဉ်
- ၈း၄၀ ၁၀။ International News
- ၈း၄၅ ၁၁။ **ကျွမ်းတိုင်းမကြမ်းနဲ့**
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၄း၂၀ ၃။ တေးဂီတအစီအစဉ်
- ၄း၃၀ ၄။ **ငွေကြေးကိစ္စမှန်သမျှ ဘဏ်ကိုသာ အားကိုးကြ**
- ၅း၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (မြန်မာစာ အထူးပြု) (မြန်မာစာ)
- ၅း၁၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅း၂၀ ၇။ သီချင်းကြီးပဒေသာ
- ၅း၃၀ ၈။ တေးဂီတအစီအစဉ်
- ၅း၄၀ ၉။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
- ၅း၅၀ ၁၀။ International Science News
- ၆း၀၀ ၁၁။ ညနေခင်းသတင်း
- ၆း၁၅ ၁၂။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၃။ မြန်မာ့ဝလေ့ ရိုးရာလက်ဝှေ့
- ၆း၃၅ ၁၄။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
- ၇း၀၀ ၁၅။ ရသပေါ်လွင် သရုပ်ဆောင်လွှင်ပြင်
- ၇း၂၀ ၁၆။ အလင်္ကာကျော်စွာ ရွှေပြည်အေး နှစ်တစ်ရာပြည့် တေးဂီတအစီအစဉ် (အပိုင်း-၅)
- ၈း၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ စည်းလုံးခြင်းရဲ့ရလဒ်တွေ (နန္ဒဇရာ၊ တေးရေး- ဂီတစာဆိုမျိုးနွယ်ဆွေ)
- ၂၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်တေးသံသာ** (အပိုင်း-၆၅)
- ၂၂။ ၂၀၀၉ခုနှစ် (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ **ကွက်စိပ်ပြိုင်ပွဲ သေတ္တိသေနသမ္ဘူလဇာတ်** (ဒုတိယဆု) (ဦးသက်ဇော်) (မန္တလေးတိုင်း)
- ၂၃။ အစီအစဉ်ပြီး၏။

## ယာဉ်စည်းကမ်းလမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲ နေပြည်တော် ဥတ္တရသီရိမြို့နယ်၌ ကျင်းပ

**နေပြည်တော် ဩဂုတ် ၃**

နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီက ကြီးမှူး၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၂၉ရက် ညနေ ၆နာရီက နေပြည်တော် ဥတ္တရသီရိမြို့နယ် မင်းကုန်းအုပ်စု ကျွဲရှင်းကျေးရွာ ဘုန်းကြီးကျောင်း၌ ကျင်းပရာ ကျေးရွာဥက္ကဋ္ဌ ဦးအောင်မြင့်သိန်းနှင့် ကျေးလက်ပြည်သူ ၁၈၇ဦးတို့ တက်ရောက်ကြသည်။

### ရှင်းလင်း

နေပြည်တော် ယာဉ်ထိန်းတပ်ဖွဲ့မှ ရဲအုပ်မင်းသိုက်ထိုက်က ၂၀၁၀ခုနှစ်အတွင်း မော်တော်ယာဉ် မတော်တဆမှု ၁၉၂မှု ဖြစ်ပွားခဲ့၍ ကျား ၁၉၃ဦး၊ မ ၂၂၆ဦး ပေါင်း ၃၁၉ဦး ဒဏ်ရာရခဲ့ကြောင်း၊ ကျား ၈၁ဦး၊ မ ၁၆ဦး ပေါင်း ၉၇ဦး သေဆုံးခဲ့ရကြောင်း၊ မော်တော်ယာဉ် မတော်တဆမှုများမှာ ယာဉ်မောင်းသူ၊ ဆိုင်ကယ်စီးနင်းသူများ၊ လမ်းအသုံးပြုသူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း သိရှိလိုက်နာမှု မရှိသဖြင့် ဖြစ်ပွားရကြောင်းကို ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

## မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း သားဖွားခန်းအခြေပြု မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ သင်တန်းဖွင့်

နေပြည်တော် ဩဂုတ် ၃

**မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ကျန်းမာရေးဦးစီးဌာနနှင့် IPPF/BMZ တို့ ပူးပေါင်းဆောင်ရွက်သည့် သားဖွားခန်းအခြေပြု မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ ပြည်သူလူထုအတွင်း ဆွေးနွေးပညာပေးသူနှင့် ပျိုရွယ်သူအချင်းချင်း ပညာပေးသူ သင်တန်းအမှတ်စဉ် (၁/၂၀၁၀) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

### ရှင်းလင်းပြောကြား

အခမ်းအနားတွင် မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်နီလာသော်က အဖွင့်အမှာစကား ပြောကြားပြီး ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ဝေဝေသာက သင်တန်းများ ဖွင့်လှစ်ရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။

### ပို့ချ

အဆိုပါသင်တန်းသို့ အသင်းပိုင်သားဖွားခန်းရှိသော စစ်ကိုင်းတိုင်းမှ စစ်ကိုင်း၊ မုံရွာမြို့နယ်နှင့် အလုံကျေးရွာ၊ ဘုတလင်မြို့နယ် ဆုံကုန်းကျေးရွာနှင့် မကွေးတိုင်းမှ မကွေး၊ ပခုက္ကူ၊ မင်းဘူး၊ ချောက်မြို့နယ်တို့မှ သင်တန်းသား ၈၀တို့ တက်ရောက်ကြပြီး သင်တန်းကို ဩဂုတ် ၃ရက်မှ ၅ရက်အထိ သုံးရက်တာ သင်တန်းပို့ချသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





### အမှာစကားပြောကြား

**မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နီလာသော် သားဖွားခန်းအခြေပြု မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ ပြည်သူလူထုအတွင်း ဆွေးနွေး ပညာပေးသူနှင့် ပျိုရွယ်သူအချင်းချင်း ပညာပေးသူ သင်တန်းအမှတ်စဉ် (၁/၂၀၁၀) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

## ဆေးတက္ကသိုလ်ပညာသင်ဆု လျှောက်ထားနိုင်

**ရန်ကုန် ဩဂုတ် ၃**

၂၀၁၀ခုနှစ် မတ်လတွင်ကျင်းပခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်၍ ဖော်ပြပါ ဆေးတက္ကသိုလ်အသီးသီးသို့ တက်ရောက်ရန် အဆင့်မီသူများအနက် အမှန်တကယ် ဆင်းရဲနွမ်းပါးပြီး ဆေးပညာဆက်လက်ဆည်းပူးရန် အခက်အခဲရှိသူများအနေဖြင့် အလှူရှင် ဦးအေးကျော်-ဒေါ်အေးအေးမြင့် ရာဇာလင်းမိသားစုက ပညာဒါနပြုသော ရာဇာလင်း ဆေးတက္ကသိုလ်ပညာသင်ဆုကို လျှောက်ထားနိုင်ကြောင်း သိရသည်။

### တက်ရောက်ခွင့်ရရှိ

လျှောက်ထားခွင့်ရှိသူများမှာ ၂၀၁၀-၂၀၁၁ ပညာသင်နှစ်တွင် ဆေးတက္ကသိုလ်(၁) ရန်ကုန်၊ ဆေးတက္ကသိုလ်(၂) ရန်ကုန်၊ မန္တလေးဆေးတက္ကသိုလ်နှင့် မကွေးဆေးတက္ကသိုလ်တို့သို့ ပထမနှစ် ဆေးပညာသင်တန်း စတင်တက်ရောက်ခွင့်ရရှိသူများ ဖြစ်ရမည်ဖြစ်သည်။

ပညာသင်ဆုရရှိသူများကို ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပထမနှစ်သင်တန်းမှစ၍ ဆေးပညာဘွဲ့ရသည်အထိ သတ်မှတ်စည်းမျဉ်းစည်းကမ်းနှင့်အညီ ပညာသင်ဆုကြေးများကို လစဉ်ထောက်ပံ့ချီးမြှင့်သွားမည် ဖြစ်ကြောင်း။

### ပေးပို့လျှောက်ထား

ပညာသင်ဆုလျှောက်ထားလိုသူများသည် မိမိအမှန်တကယ် ပညာသင်ဆုလိုအပ်ကြောင်းကို ကျိုးကြောင်းပြည့်စုံစွာ ဖော်ပြထားသော ကိုယ်တိုင်ရေးလျှောက်လွှာ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ မြို့နယ်ရဲစခန်းနှင့် သက်ဆိုင်ရာ ကျောင်းအုပ်ကြီးတို့၏ ထောက်ခံချက်မူရင်းများ၊ အမှတ်စာရင်းမိတ္တူ၊ ပတ်စပို့အရွယ် ဓာတ်ပုံနှစ်ပုံ၊ ဆေးပညာလျှောက်ထားသည့် ကျောင်းသား ကျောင်းသူနှင့် မိဘ (သို့မဟုတ်) အုပ်ထိန်းသူတို့သည် ပါတီနိုင်ငံရေးကင်းရှင်းကြောင်း ကိုယ်တိုင်ဝန်ခံချက် အထောက်အထားများနှင့်အတူ ၂၀၁၀ ခုနှစ် အောက်တိုဘာ ၃၁ရက် နောက်ဆုံးထား၍ အမှတ် ၅၀ ကန်ရိပ်သာ ၃လမ်း Finger Lake, F.M.I City လှိုင်သာယာမြို့နယ် ရန်ကုန်မြို့သို့ ပေးပို့လျှောက်ထားနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**



## ဝိုင်အမ်ဘီအေ အသင်းခွဲ ဖွဲ့စည်းခြင်းအခမ်းအနား ညောင်လေးပင်မြို့၌ ကျင်းပ

**ရန်ကုန် ဩဂုတ် ၃**

ပဲခူးတိုင်း ညောင်လေးပင်မြို့နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး(Y.M. B.A) အသင်းခွဲ ဖွဲ့စည်းခြင်းအခမ်းအနားကို ဇူလိုင် ၃၁ရက် နံနက် ၈နာရီက ညောင်လေးပင်မြို့ Y.M.B.A အသင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ သဘာပတိ မြန်မာနိုင်ငံ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း ဥက္ကဋ္ဌ ဦးတင်ဝင်းနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်ဇော်ဦးတို့က အဖွင့်အမှာစကားပြောကြားကြပြီး အသင်းဥက္ကဋ္ဌက Y.M.B.A အသင်း၏ သမိုင်းကြောင်းနှင့် ဖွဲ့စည်းရခြင်း ရည်ရွယ်ချက်၊ ရှေ့လုပ်ငန်းစဉ်များအကြောင်းကို ရှင်းလင်းပြောကြားသည်။ **(အပေါ်ပုံ)**

### ပေးအပ်လှူဒါန်း

ထို့နောက် အမှုဆောင်နှင့် အသင်းသား ၂၇ဦးတို့အတွက် ခန့်အပ်လွှာနှင့် စိစစ်ရေးကတ်များကို အသင်းဥက္ကဋ္ဌကပေးအပ်ရာ မြို့နယ်အသင်း အတွင်းရေးမှူးဦးဝင်းကိုက လက်ခံ၍ မြို့နယ်အသင်းဥက္ကဋ္ဌ ဦးအောင်ကျော်က မြို့နယ်အသင်းမှ လှူဒါန်းသော အလှူငွေကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

● *ကျောဖုံးမှ*

### တည်ဆောက်

ကမ္ဘာ့အသေးငယ်ဆုံးရေငုပ်သင်္ဘောလေးကို သံမဏိပါးလွှာ ကိုယ်ထည်ဖြင့်တည်ဆောက်ထားခြင်းဖြစ်သည်။ လက်တွေ့စမ်းသပ်မောင်းနှင်မှုကို ကနေဒါနိုင်ငံ ကွီဘက်ပြည်နယ် မာဂေါ့မြို့အနီး မမ်ဖရီမာဂေါ့ရေအိုင်ကြီးအတွင်း ပြုလုပ်ခဲ့ရာ အောင်မြင်မှုရရှိခဲ့သည်။ ကမ္ဘာ့အသေးငယ်ဆုံး ရေငုပ်သင်္ဘောလေး၏အရှည်မှာ ငါးပေခန့်သာရှိသဖြင့် ကမ္ဘာ့အသေးငယ်ဆုံး ရေငုပ်သင်္ဘောအဖြစ် မှတ်တမ်းတင်ခြင်းခံရသည်။ **(အင်တာနက်)**

## အထက(၂)ကမာရွတ် အာစရိယပူဇော်ပွဲ ကျင်းပမည်

*ရန်ကုန် ဩဂုတ် ၃*

*ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင် ကျောင်းသား ကျောင်းသူများ၏ အာစရိယပူဇော်ပွဲကို ဩဂုတ် ၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် အဆိုပါကျောင်း တေဇခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။*

*(သတင်းစဉ်)*

## အင်အားအသင့်အတင့်ရှိ မြေငလျင်တစ်ခုလှုပ်

နေပြည်တော် ဩဂုတ် ၃

**ယနေ့ နံနက် ၈နာရီ ၉မိနစ် ၂၃စက္ကန့်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ အနောက်တောင်ဘက် မိုင်၄၅၀ခန့်ကွာဝေးသော မြန်မာနိုင်ငံပြင်ပ (အိန္ဒိယနိုင်ငံ ကပ္ပလီကျွန်း) နေရာကိုဗဟိုပြု၍ အင်အားရစ်(ချ်)တာစကေး ၅ဒသမ၀အဆင့်ရှိ အင်အား အသင့်အတင့်ရှိသည့် မြေငလျင်တစ်ခုလှုပ်သွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ကြေညာသည်။** (သတင်းစဉ်)

# အပူချိန်အမြင့်ဆုံးနှင့် ရာသီဥတုဆိုးရွားချိန်တို့၌ မောင်းနှင်နိုင်သည့်လေယာဉ် စမ်းသပ်ပျံသန်း

ဆန်ယာ ဩဂုတ် ၃

အပူချိန်အမြင့်ဆုံးနှင့် ရာသီဥတုဆိုးရွားနေချိန်တို့တွင် အခက်အခဲ တစ်စုံတစ်ရာမရှိ မောင်းနှင်ပျံသန်းနိုင်သော လေယာဉ်အမျိုးအစားတစ်စင်းကို တရုတ်နိုင်ငံက ထုတ်လုပ်လိုက်ပြီး အောင်မြင်စွာ မောင်းနှင်ပျံသန်းနိုင်ခဲ့ကြောင်း တရုတ်အရာရှိများက ဩဂုတ် ၂ရက်၌ ပြောကြားသည်။

**အမျိုးအစား**

အေအာရ်ဂျေ-၂၁-၇၀၀ အမျိုးအစား ဂျက်လေယာဉ်ဖြစ်ပြီး လွန်ခဲ့သည့် ၁၂ရက်က မြေပြင် စတင်စမ်းသပ်ပျံသန်းကာ လေထု၊ ရာသီဥတုအခြေအနေ အမျိုးမျိုး၊ ရေခဲနှင့် မိုးရွာသွန်းမှုအနေအထားအမျိုးမျိုးတို့၌ စမ်းသပ်မောင်းနှင်ပျံသန်းခဲ့ရာ အောင်မြင်မှုရရှိခဲ့ ပြီးဖြစ်သည်။

**ပျံသန်း**

၄င်းလေယာဉ်ကို တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ရှန်စီပြည်နယ် ယန်လင်းမြို့မှ ဆန်ယာမြို့သို့ ပျံသန်းခဲ့ခြင်းဖြစ်သည်။ ယင်းလေယာဉ်သည် အချိန် ၂နာရီ ၅၄မိနစ်ကြာ မရပ်မနားမောင်းနှင်ပျံသန်းနိုင်သည်။ ရာသီဥတုအနေအထား အမျိုးမျိုး၌ မောင်းနှင်ပျံသန်းနိုင်သည့် လေယာဉ်ဖြစ်သည်။ လာမည့်နှစ်မှစတင်ကာ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

## ပါကစ္စတန်၌ လူသုံးသန်းကျော် ရေဘေးကြုံတွေ့ ပိတ်မိနေသည့် တရုတ်နိုင်ငံသားများအား ကယ်ဆယ်နိုင်

အစ္စလမ္မာဘတ် ဩဂုတ် ၃

*ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်းတွင် ရေလွှမ်းမှုဖြစ်ပွားလျက်ရှိရာ ရေဘေးဒုက္ခကြုံတွေ့နေရသူ ဦးရေမှာ သုံးသန်းကျော်ရှိပြီး သေဆုံးသူဦးရေမှာ ၁၄၀၀ ကျော်ရှိလာပြီဖြစ်ကြောင်း ပါကစ္စတန်အရာရှိများက ဩဂုတ် ၃ရက်၌ ပြောကြား သည်။*

*ရင်ဆိုင်ကြုံတွေ့*

*ရေဘေးဒုက္ခကြုံတွေ့နေရသူများအနက် လူ ၁၃သမ ၃ သန်းခန့်မှာ စားနပ်ရိက္ခာအခက်အခဲနှင့် ရင်ဆိုင်ကြုံတွေ့နေရသည်။ ရေဘေးဒုက္ခကြုံတွေ့နေရသူများအား နိုင်ငံတကာမှ အကူအညီပေးရန်လည်း တောင်းဆိုထားသည်။*

*ကယ်ဆယ်*

*ရေလွှမ်းမှုကြုံတွေ့နေရသော ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ခိုဟစ်စတန်ခရိုင်ရှိ ရေအားလျှပ်စစ်ထုတ်လုပ်ရေးစီမံကိန်း၌ လာရောက်တာဝန်ထမ်းဆောင်နေသော တရုတ်နိုင်ငံသားအင်ဂျင်နီယာများနှင့် အလုပ်သမား ၂၆၅ဦးမှာ ရေလွှမ်းမှုတွင် ပိတ်မိနေရာမှ ကယ်ဆယ်ရေးအဖွဲ့များက ကယ်ထုတ်နိုင်ခဲ့ကြောင်း သိရသည်။* *အမ်အင်န်အေ၊ ဆင်ဟွာ*



**ဟောင်ကောင်၌ ကျင်းပသော ၂၀၁၀ခုနှစ် အလှမယ်ပြိုင်ပွဲတွင် အလှမယ်အဖြစ် ရွေးချယ်ခံရသည့် တိုဘိုင်ချန်** (ဝဲ-ဒုတိယ)**ကို ဩဂုတ် ၃ရက်က တွေ့ရစဉ်။**

(အင်တာနက်ဓာတ်ပုံ)

## ပနားမားသင်္ဘော ဆိုမာလီဓားပြများ ပြန်ပေးဆွဲ

**ဆိုမာလီ ဩဂုတ် ၃**

သင်္ဘောသား ၂၃ ဦးလိုက်ပါလာသည့် ပနားမားအလံလွှင့်ထူထားသော အမ်ဗွီ စူးအက်ကုန်တင်သင်္ဘောတစ်စင်းကို ဩဂုတ် ၂ရက်က ဆိုမာလီယာ ပင်လယ်ဓားပြများက ပြန်ပေးဆွဲသွားကြောင်း ဥရောပသမဂ္ဂ ရေကြောင်းတပ်ဖွဲ့က ပြောကြားသည်။

**ပြန်ပေးဆွဲခံရ**

ယင်းသင်္ဘောပေါ်တွင် လိုက်ပါလာသော သင်္ဘောသားများမှာ အီဂျစ်၊ ပါကစ္စတန်၊ သီရိလင်္ကာနှင့် အိန္ဒိယနိုင်ငံတို့မှဖြစ်ပြီး အေဒင်ပင်လယ်ကွေ့အတွင်း ပြန်ပေးဆွဲခံရခြင်းဖြစ်သည်။ **(အင်တာနက်)**

## အာဖဂန်နစ္စတန်တွင် ကန်တပ်ဖွဲ့ဝင်များ ၂၀၁၁ခုနှစ်၌ စတင်ရုပ်သိမ်းမည်

**ဝါရှင်တန် ဩဂုတ် ၃**

အမေရိကန်သမ္မတ အိုဘားမားက အာဖဂန်နစ္စတန်၌ ၂၀၁၁ခုနှစ်တွင် အမေရိကန်တပ်ဖွဲ့ဝင်များ ရုပ်သိမ်းမှု စတင်သည့်တိုင်အောင် အမေရိကန်တပ်ဖွဲ့ဝင်များအား ဆက်လက်ထားရှိဦးမည် ဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီး ရောဘတ်ဂိတ်က ဩဂုတ် ၁ရက်၌ ပြောကြားသည်။

**ပြောကြား**

အာဖဂန်နစ္စတန်၌ အမေရိကန်တပ်ဖွဲ့ဝင်များ ထိခိုက်သေဆုံးနေသည့်ကြားမှပင် အမေရိကန်တပ်ဖွဲ့က အာဖဂန်စစ်ပွဲကို ဆက်လက်ဦးတည်နေဦးမည်ဖြစ်သည်ဟု ရောဘတ်ဂိတ်က ပြောကြားသည်။

၂၀၁၁ခုနှစ် ဇူလိုင်လတွင် အာဖဂန်နစ္စတန်မှ အမေရိကန်တပ်ဖွဲ့ဝင်များ မထွက်ခွာသေးကြောင်း၊ သမ္မတအိုဘားမား၏ အဆိုပြုချက်ကို အလေးထားဆောင်ရွက်ရန် လိုအပ်သည်ဟု ရောဘတ်ဂိတ်က ပြည်နယ်မီဒီယာသို့ ပြောကြားသည်။

**(အင်တာနက်)**

## စစ်ဆင်ရေး သရုပ်ဖော်ပုံ

**ပါလက်စတိုင်း ဂါဇာစီးတီးမြို့၌ လူငယ်တစ်ဦးက စစ်သုံးယာဉ်များ၏ စစ်ဆင်ရေး သရုပ်ဖော်ပုံအား ဖော့များဖြင့် ပုံဖော်တီထွင်နေသည်ကို ဩဂုတ် ၃ရက်က တွေ့ရစဉ်။**

(အင်တာနက်ဓာတ်ပုံ)



**ပါကစ္စတန်နိုင်ငံ ခိုဟစ်စတန်ခရိုင် ပါတန်ရွာ၌ ရေဘေးဒုက္ခကြုံတွေ့နေရသူ မိသားစုမှ ရင်သွေးငယ်တစ်ဦးအား ကယ်ဆယ်ပေးနေသည်ကို တွေ့ရစဉ်။**

(အင်တာနက်ဓာတ်ပုံ)

## ပီရူးတွင် အအေးလှိုင်းကျရောက်

**လီမာ ဩဂုတ် ၃**

ပီရူးနိုင်ငံအလယ်ပိုင်း ပင်လယ်ကမ်းခြေဒေသများနှင့် တောတောင်ထူထပ်သော ဒေသများတွင် ဩဂုတ် ၁ရက်မှစ၍ အအေးလှိုင်းကျရောက်ခဲ့ကြောင်း ပီရူးအမျိုးသား မိုးလေဝသဌာနက သတင်းထုတ်ပြန်သည်။

**ခံစားရ**

အဆိုပါ အအေးလှိုင်းသည် ပီရူးနိုင်ငံတောင်ပိုင်းသို့ ချီလီနိုင်ငံမှ ရွေ့လျားလာခြင်းဖြစ်ကာ တောင်အမေရိကနိုင်ငံများတွင် အအေးလှိုင်းကျရောက်မှုသည် ခုနစ်ကြိမ်ရှိပြီဖြစ်ပြီး ၄င်းအအေးလှိုင်းသည် ၁၀ရက်ကြာမည်ဟု ခန့်မှန်းထားသည်။ ရာသီဥတုအေးလာသဖြင့် ဒေသခံများမှာ အသက်ရှူကျပ်ရောဂါများ ခံစားရကြောင်း သိရသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**





## နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းသည်

### ဂျော်ဂျီယာ၌ တောမီးလောင်

*ဂျော်ဂျီယာနိုင်ငံအလယ်ပိုင်းတွင် ဩဂုတ် ၃ရက်က တောမီးများ လောင်ကျွမ်းလျက်ရှိရာ သစ်တောဟက်တာ ၁၅၀ခန့် မီးလောင်ကျွမ်းခံရကြောင်း၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံများ စုပေါင်းပြီး မီးငြိမ်းသတ်လျက်ရှိကြောင်း ဂျော်ဂျီယာအရာရှိများက ပြောကြားသည်။*

### ပါကစ္စတန်တောင်ပိုင်း၌ ပစ်ခတ်မှု ၃၅ဦးသေဆုံး

***ပါကစ္စတန်နိုင်ငံတောင်ပိုင်း နာဇီမာဘတ်မြို့တွင် လက်နက်ကိုင်များ ပစ်ခတ်တိုက်ခိုက်မှုကြောင့် အရပ်သား ၃၅ဦး သေဆုံးခဲ့ကြောင်း ပါကစ္စတန်ရဲတပ်ဖွဲ့က ဩဂုတ် ၃ရက်၌ ပြောကြားသည်။***

### တရုတ်ဈေးကွက်၌ ရွှေဈေးနှုန်း အနည်းငယ်မြင့်တက်

*ကမ္ဘာ့ဈေးကွက်တွင် ရွှေဈေးနှုန်းများ ကျဆင်းလျက်ရှိရာ တရုတ်ဈေးကွက်၌ ဩဂုတ် ၃ရက်က ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၁၈၄ ဒသမ ၀၁အထိ အနည်းငယ်မြင့်တက်လာကြောင်း တရုတ်အရာရှိများက ပြောကြားသည်။*

### ဩစတြေးလျ၌ အင်ဂျင်နီယာများ လိုအပ်နေ

***ဩစတြေးလျနိုင်ငံ၌ အာကာသသိပ္ပံနည်းပညာများကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အင်ဂျင်နီယာများ လိုအပ်လျက်ရှိကြောင်း ဩစတြေးလျအရာရှိများက ဩဂုတ် ၃ရက်၌ ပြောကြားသည်။***

### ရုရှား၌ ဂျက်လေယာဉ်ပျက်ကျ၊ ၁၅ဦးသေဆုံး

*ရုရှားနိုင်ငံ ကရက်နိုယက်စ်မြို့မှ အိုင်ဂါကာမြို့သို့ ဩဂုတ် ၃ရက် နံနက်က ပျံသန်းလာသော ဂျက်လေယာဉ်တစ်စင်း မတော်တဆဖြစ်ရပ်ကြောင့် ပျက်ကျခဲ့ရာ လေယာဉ်ပေါ်လိုက်ပါလာသူ ၁၅ဦး သေဆုံးခဲ့ကြောင်း ရုရှားအရာရှိများက ပြောကြားသည်။*

***(အောက်ပုံ)***



### စစ်ရေးလေ့ကျင့်မှု တရုတ် စတင်ပြုလုပ်

***တရုတ်နိုင်ငံ ဟီနန်ပြည်နယ်နှင့် ရှန်တုန်ပြည်နယ်အကြားတွင် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်က ဩဂုတ် ၃ရက်မှ စတင်ကာ စစ်ရေးလေ့ကျင့်မှု ပြုလုပ်လျက်ရှိကြောင်း၊ လေတပ်နှင့် ကြည်းတပ်များ ပူးတွဲလေ့ကျင့်နေကြခြင်းဖြစ်ကြောင်း၊ စစ်ရေးလေ့ကျင့်မှုမှာ ငါးရက်ကြာမြင့်မည်ဖြစ်ကြောင်း တရုတ်စစ်ဘက်မှ သတင်းထုတ်ပြန်သည်။***

### လော့စ်အိန်ဂျလိစ်မြို့အနီး လေယာဉ်ငယ် ထပ်မံပျက်ကျ

*အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့အနီး အိုရန်ဂျီအရပ်၌ ဩဂုတ် ၃ရက် နံနက်က လေယာဉ်မှူး အပါအဝင် လူငါးဦး လိုက်ပါလာသော လေယာဉ်တစ်စင်း ထပ်မံပျက်ကျခဲ့ရာ တစ်ဦးသေဆုံးပြီး လေးဦးဒဏ်ရာရရှိခဲ့ကြောင်း အမေရိကန်အရာရှိများက သတင်းထုတ်ပြန်သည်။*

### အမေရိကန် တက္ကဆက်ပြည်နယ်၌ အဆောက်အအုံပြိုကျ

***အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ် အော်စတင်မြို့ရှိ အထပ်မြင့် လူနေအဆောက်အအုံတစ်ခု၏ လေသာဆောင်ပြိုကျမှု ဩဂုတ် ၃ရက်က ဖြစ်ပွားရာ ၂၆ဦး ဒဏ်ရာရရှိခဲ့ကြောင်း အော်စတင်မြို့ ရဲတပ်ဖွဲ့က ပြောကြားသည်။***

### ပထမဆုံး ရေငုပ်သင်္ဘောသစ် တူရကီလက်ခံရရှိ

*ဂျာမနီနိုင်ငံလုပ် ရေငုပ်သင်္ဘောတစ်စင်းကို တူရကီနိုင်ငံက ဩဂုတ် ၃ရက်တွင် လက်ခံရရှိခဲ့ကြောင်း၊ ယင်းရေငုပ်သင်္ဘောသည် တူရကီနိုင်ငံ၏ ပထမဆုံး ရေငုပ်သင်္ဘောသစ်တစ်စင်းဖြစ်ကြောင်း သတင်းထုတ်ပြန်သည်။ ။* ***(အင်တာနက်)***

# တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦး စိုက်ပျိုးရေးကြီးကြပ်မှုလုပ်ငန်းညှိနှိုင်း အစည်းအဝေး တက်ရောက်

နေပြည်တော် ဩဂုတ် ၃

တနင်္သာရီတိုင်း စိုက်ပျိုးရေးကြီးကြပ်မှု လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင်၂၇ရက် နံနက်ပိုင်းက တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ တနင်္သာရီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦး တက်ရောက် အဖွင့်အမှာစကား ပြောကြားပြီး အခမ်းအနားတက်ရောက်လာကြသူများက လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြကာ တိုင်းမှူးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



ကိုင်းတန်းလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့နေ ဦးကျင်မောင်-ဒေါ်စိန်စိန် မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေး၊ နဝကမ္မငွေပဒေသာပင် အလှူငွေကျပ် ငါးသိန်းပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးသိန်းအောင်က လက်ခံစဉ်။ (သတင်းစဉ်)

## စိုက်ပျိုးရေးဆိုင်ရာ နည်းပညာဆွေးနွေးပွဲ ပခုက္ကူမြို့နယ်၌ ကျင်းပ

ပခုက္ကူ ဩဂုတ် ၃

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း (ရုံးချုပ်)မှ ကြီးမှူးကျင်းပသော စိုက်ပျိုးရေးဆိုင်ရာ နည်းပညာဆွေးနွေးပွဲကို ဩဂုတ် ၂ရက်က ပခုက္ကူခရိုင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ရုံးချုပ်မှ စိုက်ပျိုးရေးမန်နေဂျာ ဦးတင်ဝင်း ဦးဆောင်သော နည်းပညာအဖွဲ့က ပခုက္ကူခရိုင်နှင့်ဂန့်ဂေါခရိုင်ရှိ မြို့နယ်ကိုးမြို့နယ်မှ ဝန်ထမ်းများအား မြေဆီလွှာထိန်းသိမ်းရေး၊ သွင်းရေစီမံခန့်ခွဲရေး၊ မျိုးကောင်း မျိုးသန့်သုံးစွဲရေးနှင့် ပိုးမွှားရောဂါ ကာကွယ်ရေးဘာသာရပ်များကို ရှင်းလင်းဆွေးနွေးပို့ချခဲ့သည်။

### တက်ရောက်ဆွေးနွေး

အဆိုပါဆွေးနွေးပွဲတွင် ပခုက္ကူခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလွင်ကိုဦးက အမှာစကား ပြောကြားပြီး **(အောက်ပုံ)** ပခုက္ကူခရိုင် မန်နေဂျာ ဦးမြင့်ဆွေနှင့် ဂန့်ဂေါခရိုင် မန်နေဂျာ ဦးကျော်ဝင်းတို့ တက်ရောက်ဆွေးနွေးခဲ့ကြသည်။ (၀၇၀)



## ဒို့ကျေးရွာဂျာနယ် ဝတ္ထုတိုပြိုင်ပွဲအတွက် စာမူများဖိတ်ခေါ်

နေပြည်တော် ဩဂုတ် ၃

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေလျက်ရှိသော ဒို့ကျေးရွာဂျာနယ်အတွက် ဝတ္ထုတိုစာမူပြိုင်ပွဲကို ကျင်းပသွားမည်ဖြစ်သည်။

ဝတ္ထုတိုပြိုင်ပွဲတွင် ကျေးလက်အလှသဘာဝများ၊ကျေးလက်ယဉ်ကျေးမှုဓလေ့များနှင့် ဘဝသရုပ်ဖော်အကြောင်းအရာများကို နှစ်သက်ရာခေါင်းစဉ်ဖြင့် ရေးသားယှဉ်ပြိုင်နိုင်သည်။ စာမူကို $A_4$ စာမျက်နှာဖြင့် ကွန်ပျူတာလေးမျက်နှာ သို့မဟုတ် လက်နှိပ်စက် ငါးမျက်နှာ သို့မဟုတ် လက်ရေးဖြင့် ခြောက်မျက်နှာထက်မပိုစေဘဲ ရေးဖွဲ့နိုင်သည်။

### ယှဉ်ပြိုင်ရမည်

ပြိုင်ပွဲဝင်တစ်ဦးလျှင် ဝတ္ထုတိုတစ်ပုဒ်သာ ပါဝင်ယှဉ်ပြိုင်ရမည်။ စာမူများကို ကွန်ပျူတာဖြင့်ဖြစ်စေ၊လက်နှိပ်စက်ဖြင့်ဖြစ်စေ၊ ရှင်းလင်းပီသသောလက်ရေးဖြင့်ဖြစ်စေ တစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေးသား၍ မူရင်းနှင့်မိတ္တူတစ်စောင် တင်သွင်းရမည်။

ပြိုင်ပွဲဝင်သူသည် ပတ်စ်ပို့ဓာတ်ပုံနှစ်ပုံ၊အမည်ရင်း၊ ကလောင်အမည်၊ မိဘအမည်၊နိုင်ငံသားမှတ်ပုံတင်အမှတ်၊ပညာအရည်အချင်း၊ အလုပ်အကိုင်၊ နေရပ်လိပ်စာ၊ ကိုယ်ရေးအတ္ထုပ္ပတ္တိအကျဉ်းချုပ်ဖော်ပြပြီး မိမိကိုယ်တိုင်ရေးသားထားကြောင်းနှင့် ပုံနှိပ်ဖော်ပြခဲ့ဖူးခြင်းမရှိကြောင်း ဝန်ခံချက်များပါရှိရမည်။ ဝတ္ထုတိုပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုသုံးဆု ရွေးချယ်သွားမည်ဖြစ်ပြီး ပထမဆု ငွေကျပ် ၅၀၀၀၀၊ ဒုတိယဆု ငွေကျပ် ၃၀၀၀၀၊ တတိယဆု ငွေကျပ် ၂၀၀၀၀ ချီးမြှင့်သွားမည်ဖြစ်သည်။ ဆုရရှိသူများစာရင်းကို နေ့စဉ်ထုတ်သတင်းစာများနှင့် ဒို့ကျေးရွာဂျာနယ်တွင် ထည့်သွင်းဖော်ပြပေးသွားမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ဝတ္ထုတိုများကို စာတည်းမှူး ဒို့ကျေးရွာဂျာနယ် အမှတ်-၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၀၀၉၃၆ နှင့် ၃၇၁၃၄၂ တို့သို့ ဩဂုတ် ၂၀ရက် နောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

## စီမံကိန်းရည်မှန်းချက်တာဝန် အလုံမြို့နယ်၌ ပေးအပ်

ရန်ကုန် ဩဂုတ် ၃

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ်၏ ၂၀၁၀-၂၀၁၁ခုနှစ် နှစ်စဉ်စီမံကိန်း ရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၂၇ရက်က အလုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ် ဥက္ကဋ္ဌ ဦးဝင်းမြင့်က စီမံကိန်းရည်မှန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ရှင်းလင်းပြောကြားပြီး အလုံမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများအား စီမံကိန်းရည်မှန်းချက်တာဝန်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**(မြို့နယ် ပြန်/ဆက်)**



## ဌာနပေါင်းစုံ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ရသေ့တောင်မြို့နယ်၌ ကျင်းပ

ရသေ့တောင် ဩဂုတ် ၃

စစ်တွေခရိုင် ရသေ့တောင်မြို့နယ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁၃ရက် နံနက်စနာရီက မြို့မ အထကကျောင်းဝင်း၌ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး မောင်မောင်သော်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးထွန်းဇော်နှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်စိုက်ပျိုးကြသည်။

ရှေးဦးစွာ သတ်မှတ်ထားသော နေရာများတွင် ပျိုးပင်များကို စိုက်ပျိုးကြရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် မြို့နယ်ရဲတပ်ဖွဲ့မှူးက ရတနာတန်းဝင်ကျွန်းပင်ကို စတင်စိုက်ပျိုးပေးသည်။ သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်လာကြသူများက ကျွန်းပင် ၁၀၀၀ နှင့် ယူကလစ်ပင် ၅၀၀ စုစုပေါင်းအပင် ၁၅၀၀ကို စိုက်ပျိုးကြသည်။

**(မြို့နယ် ပြန်/ဆက်)**

## မင်္ဂလာကန်တော်ကြီး ကန်တူး၊ ကန်ဆယ်နိုင်ရေး အလှူငွေ ပေးအပ်လှူဒါန်း

ရန်ကုန် ဩဂုတ် ၃

သာကေတမြို့နယ် ၆-အနောက်ရပ်ကွက်ရှိ မင်္ဂလာကန်တော်ကြီး ကန်တူး၊ ကန်ဆယ်လုပ်ငန်းအတွက် အလှူငွေ ပေးအပ်ပွဲကို ဇူလိုင် ၂၇ရက်က သာကေတမြို့နယ် စည်ပင်သာယာရေးကော်မတီ အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် အမှတ် ၄၆၈ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဦးဝင်းမြင့် (ဒုတိယအင်ဂျင်နီယာချုပ်၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း)နှင့်ဇနီး ဒေါ်ဝေဝေမြင့်၊ သမီး မမြတ်သဇင်ထက်မိသားစုက ဒေါ်ဝေဝေမြင့်၏ မွေးနေ့အလှူအတွက် ငွေကျပ် တစ်သိန်းကို ပေးအပ်လှူဒါန်းရာ ကန်တူးဖော်ရေးကော်မတီ ဂုဏ်ထူးဆောင်နာယက ဦးအောင်ကျော်ညွန့် (သာကေတမြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူး)၊ ဦးခင်ရွှေ (ဥက္ကဋ္ဌ ၆-အနောက်ရပ်ကွက်) နှင့် ဘဏ္ဍာရေးမှူး ဦးသက်တင် **(ယာပုံ)** တို့က လက်ခံယူသည်။ အလှူငွေများ ဆက်သွယ်လှူဒါန်းလိုပါက မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး ဖုန်း-၅၅၆၈၅၇ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

## မြန်မာ့အလင်း သတင်းပဒေသာ အတိုအထွာ

ရန်ကုန် ဩဂုတ် ၃

စုစည်းရေးသားသူ - ဝင်းကျော်

### အိုဇုန်းလွှာကာကွယ်ရေး တံဆိပ်ခေါင်း ဒီဇိုင်းပြိုင်ပွဲ

*အိုဇုန်းလွှာကာကွယ်ရေးအထိမ်းအမှတ် စာပို့တံဆိပ်ခေါင်း ရောင်စုံဒီဇိုင်းပြိုင်ပွဲကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲဝင်လိုသူများသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်ရုံး သစ်တောရေးရာဝန်ကြီးဌာန ရုံးအမှတ်(၂၈) နေပြည်တော် ဖုန်း-၀၆၇-၄၀၅၃၈၆နှင့် ၀၆၇-၄၀၅၃၉၀တို့သို့ ဆက်သွယ်စုံစမ်း၍ ဩဂုတ် ၁၃ရက် နောက်ဆုံးထားပြီး ဒီဇိုင်းပုံများ ပေးပို့နိုင်သည်။*

### မူးယစ်ဆန့်ကျင်ရေးအသင်း အစည်းအဝေးကျင်းပမည်

*မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဗဟိုကော်မတီ အစည်းအဝေးကို ဩဂုတ် ၁၃ရက် (သောကြာနေ့) နံနက် ၈နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ကျွန်းတောလမ်းရှိ မြန်မာနိုင်ငံမူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းရုံးချုပ် သင်တန်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။*

### စာအုပ်အရောင်းပွဲ ကျင်းပလျက်ရှိ

*စာချစ်သူ စာပေဝါသနာရှင်များအတွက် စာအုပ်ကောင်းများ ဝယ်ယူဖတ်ရှုနိုင်ရန် စိတ်ကူးချိုချိုစာအုပ်တိုက်၏ စာအုပ်အရောင်းပွဲကို ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းနှင့် ကုန်သည်လမ်းထောင့်ရှိ လောကနတ် အနုပညာပြခန်း၌ ဩဂုတ် ၆ရက် (သောကြာနေ့) အထိ နံနက် ၉နာရီမှ ညနေ ၅နာရီအထိ ခင်းကျင်းရောင်းချလျက်ရှိသည်။*

### စာတတ်မြောက်ရေးနေ့ ဆောင်းပါးပြိုင်ပွဲ ယှဉ်ပြိုင်နိုင်

*၂၀၁၀ခုနှစ် စက်တင်ဘာ ၈ရက်တွင်ကျရောက်မည့် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ကိုဂုဏ်ပြုသောအားဖြင့် အလွတ်တန်းဆောင်းပါးပြိုင်ပွဲကျင်းပမည်ဖြစ်ရာ ပါဝင်ယှဉ်ပြိုင်လိုသူများ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၃၀၁၆၄သို့ ဆက်သွယ်စုံစမ်းနိုင်သည်။*

### Yangon Expo' 2010 ကုန်စည်ပြပွဲကျင်းပမည်

*ပြည်တွင်း ပြည်ပလူသုံးကုန်ပစ္စည်းများကို ဝယ်ယူလေ့လာနိုင်ရန်အတွက် Yangon Expo' 2010 ကုန်စည်ပြပွဲကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဩဂုတ် ၁၂ရက်မှ ၁၅ရက်အထိ ခင်းကျင်းပြသမည် ဖြစ်သည်။*

### အခြေခံစိုက်ပျိုးနည်း ရက်တိုသင်တန်းများဖွင့်မည်

*မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြေပဒေသာဉယျာဉ် (ပညာပေးဇုန်)တွင် အခြေခံစိုက်ပျိုးနည်းပညာပေး ရက်တိုသင်တန်းများဖွင့်မည်ဖြစ်ရာ ဩဂုတ် ၁၀ရက်မှ ၁၂ရက်အထိ ဟင်းခတ်အမွှေးအကြိုင်နှင့် ပရဆေးပင်စိုက်ပျိုးနည်း၊ ဩဂုတ် ၁၇ရက်မှ ၁၉ရက်အထိ ပိုးသတ်ဆေးစနစ်တကျ ကိုင်တွယ်အသုံးပြုနည်းသင်တန်းတို့ကို ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းတက်ရောက်လိုပါက ဖုန်း-၅၄၉၇၃၀သို့ စုံစမ်းနိုင်သည်။*

### သယ်ယူပို့ဆောင်ရေးနှင့်ထောက်ပံ့ရေးဆိုင်ရာသင်တန်းဖွင့်မည်

*မြန်မာနိုင်ငံ အပြည်ပြည်ဆိုင်ရာကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း၏စီစဉ်မှုဖြင့် နိုင်ငံတကာသယ်ယူပို့ဆောင်ရေးနှင့် ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ အခြေခံသင်တန်းကို ဩဂုတ် ၁၉ရက်မှ ၂၀ရက်အထိ ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ မြန်မာနိုင်ငံကုန်သွယ်ရေကျောင်း ကောလိပ်(ဘုရင့်နောင်)၌ ဖွင့်လှစ်မည်ဖြစ်ရာ တက်ရောက်လိုသူများ ဖုန်း-၂၁၄၈၄၇သို့ ဆက်သွယ်စုံစမ်းနိုင်သည်။ ။*

*(မြန်မာ့အလင်း)*

## သတိပေးနှိုးဆော်ချက်

ရန်ကုန်မြို့အတွင်း သွားလာလျက်ရှိသည့် အချို့မော်တော်ယာဉ်များသည် ယာယီနံပါတ်အမျိုးမျိုးကို တပ်ဆင်သွားလာလျက်ရှိကြောင်းတွေ့ရှိရပါသည်။ ထိုသို့ သွားလာလျက်ရှိရာတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သတ်မှတ် ပေးထားသည့် စက်မှုဇုန်ထုတ် ယာယီနံပါတ် ခွင့်ပြုကာလ နှစ်လ၊ လေလံနံပါတ် ခွင့်ပြုကာလ သုံးလကိုသာ တပ်ဆင်၍ စည်းကမ်းသတ်မှတ်ချက်နှင့်အညီ သွားလာကြရန်နှင့် သတ်မှတ်ထုတ်ပေးထားခြင်းမရှိသော ယာယီနံပါတ်များ တပ်ဆင်မောင်းနှင်နေခြင်းကို စစ်ဆေးတွေ့ရှိပါက ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ







# စက်ခေါင်းစက်ရုံ(နေပြည်တော်)တည်ဆောက်နေမှု

## ရထားပို့ဆောင်ရေး ဝန်ကြီး ဦးအောင်မင်း ကြည့်ရှုစစ်ဆေး

**ကြည့်ရှုစစ်ဆေး**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်း နေပြည်တော် ဘူတာကြီး အရှေ့ဘက်ရှိ စက်ခေါင်းစက်ရုံ(နေပြည်တော်) တည်ဆောက်ရေး လုပ်ငန်းခွင်၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၃

**ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်းသည် ဒုတိယဝန်ကြီးများဖြစ်ကြသည့် သူရဦးသောင်းလွင်နှင့် ဦးဖေသန်းတို့ လိုက်ပါလျက် ဩဂုတ် ၂ရက် နံနက် ၁၀နာရီက နေပြည်တော်ဘူတာကြီး အရှေ့ဘက်ရှိ စက်ခေါင်းစက်ရုံ (နေပြည်တော်) တည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိပြီး စက်ခေါင်းစက်ရုံတည်ဆောက်ပြီးစီးမှုနှင့် လုပ်ငန်းဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးရာ မြန်မာ့မီးရထား အထွေထွေမန်နေဂျာ (စက်မှုနှင့်လျှပ်စစ်) ဦးထွန်းဦးက စက်ခေါင်းစက်ရုံ တည်ဆောက်ပြီးစီးမှု၊ စက်ခေါင်းတွဲများ နေ့စဉ် ပြုပြင်မွမ်းမံမည့် အစီအစဉ်နှင့် အပတ်စဉ်၊ လစဉ် ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။**

တင်ပြချက်များအပေါ် ဝန်ကြီးက ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်ရေးနှင့် ခရီးသည်များ စိတ်ချမ်းမြေ့စွာဖြင့် လိုရာခရီးသို့ သွားရောက်နိုင်ရေးအတွက် စက်ခေါင်းများ ချွတ်ယွင်းပျက်စီးမှုမရှိစေရေးနှင့် တွဲများသန့်ရှင်းသပ်ရပ် ကောင်းမွန်ရေးအတွက် အထူးအလေးထားဆောင်ရွက်ရန်၊ စက်ခေါင်းတွဲ ချွတ်ယွင်းမှုရှိက အမြန်ဆုံးပြုပြင်၍ အမြန်ဆုံးပြန်လည်ပြေးဆွဲနိုင်ရေးအတွက် အထောက်အကူပြုပစ္စည်းများ ပြည့်စုံစွာထားရှိရန် မှာကြားပြီး နေပြည်တော်ဘူတာ ယာဒ်ဝင်းအတွင်း ခရီးသည်များ နားနေရန်တိုးချဲ့ဆောင် ဆောက်လုပ်ပြီးစီးမှု၊ ရထားလက်မှတ်ရောင်းချမှု၊ ဘူတာယာဒ်ဝင်းအတွင်း သန့်ရှင်းမှု၊ အရိပ်ရပင်နှင့် ပန်းအလှပင်များကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စစ်ဆေး

နေပြည်တော် ဩဂုတ် ၃

ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဇူလိုင် ၂၇ရက် နံနက်ပိုင်းက စစ်တွေမြို့ လေးဝတီပညာရေးရိပ်သာသို့ သွားရောက်၍ အဆောင်နေ ကျောင်းသား ကျောင်းသူများအတွက် အခန်းလိုက်နေရာချထားမှု အခြေအနေများနှင့် စားရိပ်သာအတွင်း ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် စစ်တွေသင်္ဘောကျင်း ဆိပ်ခံတံတား ကွဲခိုင်မှုအခြေအနေ၊ မြို့မစည်ပင်သာယာဈေးကြီး တံတားတည်ဆောက်ထားမှုအခြေအနေနှင့် ဈေးအတွင်း သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားမှုအခြေအနေ၊ စစ်တွေမြို့ အနောက်စံပြရပ်ကွက်ရှိ အစိုးရနည်းပညာ အထက်တန်းကျောင်း တည်ဆောက်မည့်မြေနေရာတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**မင်းကင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ တြိဂံကျွန်းမြေခင်း အလှဆောင်ရွက်ခြင်းကို ဇူလိုင် ၁၅ရက်က အမှုဆောင်အရာရှိ ဦးကျော်ထင်မောင်မောင်ကြီးကြပ်ဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)

# စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ

## မောက်မယ်၌ ကျင်းပ

မောက်မယ် ဩဂုတ် ၃

ရှမ်းပြည်နယ်(တောင်ပိုင်း) မောက်မယ်မြို့နယ်၏ ၂၀၁၀-၂၀၁၁ နှစ်စဉ် စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၇ရက် နံနက် ၉နာရီခွဲက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

အဆိုပါအခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးသက်ဦးဆွေက အမှာစကားပြောကြားပြီး မြို့နယ်စီမံကိန်းမှူး ဦးစီးအရာရှိ ဦးဝင်းဗိုလ်က ၂၀၀၉-၂၀၁၀ခုနှစ် စီမံကိန်းအကောင်အထည်ဖော်မှုအခြေအနေများကို ကဏ္ဍအလိုက် သုံးသပ်တင်ပြကာ ၂၀၁၀-၂၀၁၁ခုနှစ် နှစ်စဉ်စီမံကိန်းရည်မှန်းချက်များကို ရှင်းလင်းပြောကြားသည်။

**တာဝန်ပေးအပ်**

ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌက ရပ်ကွက်နှင့် ကျေးရွာအုပ်စုဥက္ကဋ္ဌများထံသို့ ၂၀၁၀-၂၀၁၁ခုနှစ် နှစ်စဉ် စီမံကိန်းရည်မှန်းချက်များကို တာဝန်ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)** (၂၀၁)





# ကျေးရွာချင်းဆက်လမ်း လက်ပံတန်း၌ဖွင့်

ပဲခူး ဩဂုတ် ၃

ပဲခူးတိုင်း(အနောက်ပိုင်း)လက်ပံတန်းမြို့နယ် စိန်တုံးကျေးရွာအုပ်စု စိန်တုံးအရှေ့အုပ်စုတွင် ဇူလိုင် ၁၈ရက်က ကျေးရွာချင်းဆက်လမ်းဖွင့်ပွဲကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနေမျိုးသန့်က အမှာစကားပြောကြားပြီး အလှူရှင် ဦးမြင့်သိန်းဦးက လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

**ဖဲကြိုးဖြတ်ဖွင့်**

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးနေမျိုးသန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးခင်မောင်လတ်နှင့် အလှူရှင်တို့က လမ်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

အဆိုပါ လမ်းမှာ စိန်တုံးကျေးရွာအုပ်စုနှင့် ရှမ်းစုကျေးရွာအုပ်စု ဆက်သွယ်သည့်လမ်းဖြစ်ပြီး အကျယ်ငါးပေ၊ အရှည် ၁၀မိုင် ရှည်လျား၍ အလှူရှင် ဦးမြင့်သိန်းဦး-ဒေါ်ခင်ညို(ရွှေသရဖူ)ပွဲရုံလုပ်ငန်း၊ ဟင်္သာတမြို့နယ်မှ ငွေကျပ် ၅၂သိန်း အကုန်အကျခံကာ လှူဒါန်းခဲ့ခြင်း ဖြစ်သည်။ (၁၇၅)

# ဆွေးနွေးဖလှယ်

**မူးယစ်ဆေးဝါး အလွဲသုံးမှုကြိုတင်တားဆီးကာကွယ်ရေး ဗဟုသုတနှင့် သတင်းအချက်အလက်များ ဆွေးနွေးဖလှယ်ပွဲကို ဇူလိုင် ၃၁ရက်က ရန်ကုန်အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ် ကျွန်းတောမွှောရုံ၌ ကျင်းပရာ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို) အလုပ်အမှုဆောင် စာရင်းစစ် ဦးတင်ထွဋ် အဖွင့်အမှာစကားပြောကြားစဉ်။** (၁၀၃)



# မြန်မာနယူးစ်ဝိခ်ဂျာနယ် ထွက်ရှိ

ရန်ကုန် ဩဂုတ် ၃

မြန်မာနယူးစ်ဝိခ်ဂျာနယ် အတွဲ (၂)၊ အမှတ်(၃၉)ကို ဖြန့်ချိလိုက်ရာ အဆိုပါဂျာနယ်တွင် ကျပ်ငါးသိန်းတန် CDMA 800 MHz ဖုန်းလိုင်း တစ်သိန်းထပ်မံချထားပေးမည်၊ တရုတ်နိုင်ငံ၏ အကြီးဆုံးစတိန်းလက်စ်စတီးလ်ထုတ်လုပ်သူ မြန်မာနီကယ်သတ္တုတွင်းတွင် ရင်းနှီးမြှုပ်နှံ၊ ဒီမိုကရေစီနိုင်ငံတော်သစ် ထူထောင်ကူးပြောင်းလာတဲ့အခါ ကျေးလက်တောင်သူလယ်သမားများ ဖွံ့ဖြိုးတိုးတက်ရေးက အလွန်အရေးပါဟု ခေတ်သစ်ပြည်သူ့ပါတီဥက္ကဋ္ဌ ဦးထွန်းအောင်ကျော်ကဆို၊ ဆရာဗဟိုပြုသင်ကြားမှုစနစ်မှ ကလေး ဗဟိုပြုသင်ယူမှု ချဉ်းကပ်နည်းဆိုင်ရာ သင်ကြားမှုဖြင့် အခြေခံပညာမူလတန်းကျောင်းများ၌ သင်ကြား၊ အလုံသင်္ဘောကျင်းတွင် မြန်မာအင်ဂျင်နီယာများ တည်ဆောက်သည့် တန်ချိန် ၁၆၀၀ရှိ C.B တွဲသင်္ဘောရေချခြင်းပြုလုပ်၊ ဖားကန့်မြို့နယ်အတွင်းရှိ ဘေလီတံတားတစ်စင်း ကျိုးကျမှုဖြစ်ပွား၊ မီးပွိုင့်လမ်းဆုံတွင် ၁၂ဘီးတပ်သစ်လုံး တင်ယာဉ်တစ်စီး တိမ်းမှောက်မှုဖြစ်ပွား၊ ဒီဇင်ဘာ ၂၈ရက်တွင် ဖွင့်လှစ်မည်ဖြစ်သော မြန်မာနိုင်ငံရေကြောင်းပညာ တက္ကသိုလ် ဝင်ခွင့် လျှောက်ထားမည့်သူများအတွက်၊ ထားဝယ်မြို့မှ ပြည်နယ်၊တိုင်း ၁၄ခုသို့ စက်ဘီးဖြင့်ကျော်ဖြတ်သွားရောက်ခဲ့သူ သုံးဦးတို့အား ဂုဏ်ပြုဆုများချီးမြှင့်၊ နိုင်ငံခြားသင်္ဘောလိုက်မည့်သူများ ရန်ကုန်အခြေစိုက် ကုမ္ပဏီများနှင့် သင်္ဘောအကြောင်းကို စုံစမ်းထားဖို့လိုအပ်၊ ကျပ်ငါးသိန်းတန်ဖုန်း၏ ဈေးကွက်အခြေအနေနှင့် ၄င်းထက်ဈေးနည်းသည့်ဖုန်းများ ပေါ်ပေါက်လာပါက၊ နှလုံးသားကရော ဦးနှောက်ကရောလက်ခံနိုင်တဲ့သူမျိုးကိုပဲ ဘဝလက်တွဲဖော်အဖြစ် ရွေးချယ်ဖြစ်မှာပါလို့ပြောလာတဲ့ ပြေတီဦး၊ ကလေးမြို့တွင် ရေကြီးရေလျှံမှုဖြစ်ပွား၊ အစ္စရေးကတိုက်ခိုက်ခဲ့ပါက တဲလ်အဗစ်မြို့ကို မီးလောင်တိုက်သွင်းမည်ဟု အီရန်ခြိမ်းခြောက်၊ အစ္စရေးဆိပ်ကမ်းမြို့ကို ဒုံးကျည်ဖြင့်ပစ်ခတ်၍ ဟားမာ့စ်တို့ မီးမွှေးနေပြန်ပြီ၊ ဟစ်ဘိုလာဇ်က အစ္စရေးနယ်စပ်မှာ စစ်အင်အား ၂၀၀၀၀ တိုးချဲ့ချထား၊ ကနေဒါလေပိုင်နက် ကျူးကျော်လာတဲ့ ရုရှားဗုံးကြဲလေယာဉ်ကို ကနေဒါဂျက်တိုက်လေယာဉ်က မောင်းထုတ် စသည့် နောက်ဆုံးရ ပြည်တွင်း ပြည်ပ သတင်းများနှင့်အတူ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။ မြန်မာနယူးစ်ဝိခ်ဂျာနယ်ကို အပတ်စဉ်အင်္ဂါနေ့တိုင်း ထုတ်ဝေနေပြီဖြစ်သည်။ **(သတင်းစဉ်)**





# ကြွက်ကာကွယ်နှိမ်နင်းရေး နှိုးဆော်ချက်

မိုးဦးအစတွင် ရိုးမများအတွင်း မီခိုနေထိုင်သော ကြွက်ဝမ်းဖြူများသည် မျိုးပွားနှုန်းမြင့်မားလာခြင်း၊ ဒေသနှင့်ဝါးမျိုးကွဲအလိုက် ဝါးပန်းပွင့်ခြင်း၊ ဝါးသုဉ်းခြင်းတို့ကြောင့် ရိုးမအတွင်း အစားအစာရှားပါးလာသဖြင့် စပါးပျိုးခင်းနှင့် စိုက်ခင်းများရှိရာ မြေပြန့်သို့ အုပ်စုလိုက်ရွှေ့ပြောင်း၍ ပျိုးခင်းမှစပါးစေ့နှင့် ပျိုးပင်ငယ်များ စားသောက်ဖျက်ဆီးနိုင်ကြောင်း နှိုးဆော်အပ်ပါသည်။

ကြွက်ကျရောက်ဖျက်ဆီးခဲ့ပါက အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ကြရန် ဖြစ်ပါသည် -

- လူနေအိမ်နှင့်စိုက်ခင်းများတွင် ကြွက်ခိုအောင်းနိုင်သော နေရာများအား သန့်ရှင်းရေး ဆောင်ရွက်ခြင်း၊
- ကြွက်ကျင်းများ တူးဖော်နှိမ်နင်းခြင်း၊
- ကြွက်ကျင်းများထဲသို့ မီးခိုးမှိုင်းတိုက်ခြင်း၊ ရေလောင်းထည့်ခြင်း၊
- တစ်ကွင်းတစ်စပ်တည်းတွင် လူထုလှုပ်ရှားမှုအသွင်ဖြင့် ခြောက်လှန့်ရာဖွေဖမ်းဆီးခြင်း၊
- ထောင်ချောက်အမျိုးမျိုးအသုံးပြု နှိမ်နင်းခြင်း၊
- လိုအပ်ပါက ကြွက်သတ်ဆေးချ၍ ကာကွယ်နှိမ်နင်းခြင်း၊

အကူအညီလိုအပ်ပါက နီးစပ်ရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းဌာနများသို့ ဆက်သွယ်ဆောင်ရွက်ကြရန် နှိုးဆော်အပ်ပါသည်။

**လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

❍ *ရှေ့ဖုံးမှ*

စိတ်ပါဝင်စားမှု နက်ရှိုင်းသလောက် အောင်မြင်မှု၊ ထူးချွန်မှု၊ ပေါက်မြောက်မှုတို့သည်လည်း အထွတ်အထိပ်သို့ ရောက်နိုင်ပေသည်။ လူတစ်ယောက်၏ စိတ်ပါမှု (Interest)နှင့် ဝင်စားမှု(Concentration) တို့သည် ၎င်း၏ရွေးချယ်သည့် ဘာသာရပ်နှင့် လုပ်ငန်းအောင်မြင်မှုအတွက် အဓိကမဏ္ဍိုင်တွေဖြစ်နေသည်။ စိတ်ပါဝင်စားမှုမရှိသော ဘာသာရပ်တစ်ခုကို ရွေးချယ်မိသော ကျောင်းသားတစ်ယောက်သည် အချိန်တန်လျှင် ဘွဲ့ရသွားမည်။ ပြီးလျှင် ဘာသာရပ်နှင့် မသက်ဆိုင်သော အသက်မွေးဝမ်းကျောင်းတစ်ခုကို ရွေးချယ်၍ ဘဝကိုပုံဖော်သွားမည်။ ဤသို့ဆိုလျှင် အဆိုပါကျောင်းသားအတွက် တက္ကသိုလ်ပညာ လာရောက်သင်ကြားမှုသည် အချိန်ကုန်၊ ငွေကုန်ဖြစ်သွားပြီး ဘဝအတွက် ရာနှုန်းပြည့် အထောက်အကူ မဖြစ်ဟု အကြမ်းဖျင်းသုံးသပ်၍ ရနိုင်သည်။ အကယ်၍သာ အဆိုပါကျောင်းသား၏ ဗီဇ၊ ပါရမီ၊ ဝါသနာအပေါ် အခြေခံ ရွေးချယ်ခဲ့ပါက ဘွဲ့ရပြီးနောက် ပညာရပ်ကို အသုံးချသွားနိုင်ပေမည်။ ထိုသို့အသုံးချနေရင်း ဆင့်ကဲဆင့်ကဲ လေ့လာဆည်းပူးခြင်းဖြင့် ဘွဲ့ဒီဂရီရရှိခဲ့သူဘဝမှ ဘာသာရပ် ကျွမ်းကျင်သူ ပညာရှင်၊ ပညာတတ်တစ်ဦးအဖြစ် ထူးချွန်ပြောင်မြောက်စွာ ပေါ်ထွက်လာနိုင်သည်။

## သုံးသပ်မိ

ထို့ကြောင့် ဘာသာရပ်ရွေးချယ်မှု မမှန်ကန်ခဲ့ပါက **တစ်ဘဝလုံးအတွက် ဆုံးရှုံးနစ်နာမှုဖြစ်ရပေမည်။** ရွေးချယ်မှုမှန်ကန်ခြင်းဆိုသည်မှာ ကာယကံရှင်၏ ပင်ကိုဗီဇနှင့် ကိုက်ညီသော ဘာသာရပ်ကို ရွေးချယ်နိုင်ခြင်းကို ဆိုလိုပါသည်။ ယခုအခါတွင် အချို့သော ရွေးချယ်နေမှုများသည် ရရှိသော အမှတ်ကိုသာအခြေခံ၍ စဉ်းစားဆုံးဖြတ်နေကြခြင်းဖြင့် ပင်ကိုဗီဇ၊ ပါရမီနှင့် မွေးရာပါတန်ဖိုးများကို မျက်ကွယ်ပြုရာ ရောက်နေပါသည်။



သဘင်အထူးပြုဘာသာရပ်၌ ကျောင်းသူများ အကလေ့ကျင့်နေကြစဉ်။

ကျောင်းသားများ၏ ရွေးချယ်မှုအပေါ် မိဘများက လွှမ်းမိုးထားသည်ကိုလည်း တွေ့မြင်ကြားသိနေရပါသည်။ မိဘများသည် သားသမီးများ၏ ဘာသာရပ်ရွေးချယ်မှုကိစ္စတွင် ရမှတ်နှင့် ပတ်ဝန်းကျင် အထင်အမြင်ကြီးမှုကိုသာ အလေးပေးစဉ်းစားနေကြပေသည်။ ဤသို့ဖြစ်နေရခြင်းမှာ သားသမီး၏ ပင်ကိုဗီဇ၊ ပါရမီ၊ ဝါသနာကိုလျစ်လျူပြုခြင်း၊ ပတ်ဝန်းကျင်၏ အထင်ကြီးမှုကိုခံလိုခြင်း၊ သားသမီး၏ စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှုနှင့် အခြေခံသဘာဝကို မလေ့လာခြင်းတို့ကြောင့် ဖြစ်ရသည်ဟု သုံးသပ်မိပါသည်။

## လမ်းညွှန်ပေးသောနေရာ

မိမိလုံးဝ ဝါသနာမပါသော ဘာသာရပ်ကို မိဘက ရွေးချယ်ပေးသဖြင့် မလွန်ဆန်နိုင်ဘဲ သင်ယူနေရသော ကျောင်းသားများ ရှိနေပါသည်။ သို့ဖြစ်၍ ကျောင်းတက်နေစဉ်တွင်လည်း ကျောင်းစာတွင် မပျော်မွေ့၊ ဘွဲ့ရသောအခါတွင်လည်း လုပ်ငန်းခွင် ရွေးချယ်မှုနှင့် အသက်မွေးမှုလုပ်ငန်းတို့သည် မဆီမလျော် ဖြစ်သွားကြပါသည်။ ဆေးပညာဖြင့် ဘွဲ့ရခဲ့သော်လည်း ရုပ်ရှင်၊ ဂီတလုပ်ငန်းဖြင့် အသက်မွေးနေသူများ၊ အင်ဂျင်နီယာဖြင့် ဘွဲ့ရခဲ့သော်လည်း ပန်းချီ၊ ကာတွန်းရေးဆွဲနေသူများစသဖြင့် ဘွဲ့ဒီဂရီနှင့် အသက်မွေးမှု သီးခြားစီဖြစ်နေသော လူငယ်၊ လူလတ်၊ လူကြီး အများအပြားကို နေရာအနှံ့တွင် တွေ့မြင်နေရပါသည်။



ဤကဲ့သို့ ဟပ်စပ်မှုမရှိသော ပညာသင်ကြားမှုသည် သက်ဆိုင်ရာ ကျောင်းသားအပေါ် ထိခိုက်ရုံမက တိုင်းပြည်အတွက်ပါ ဆုံးရှုံးမှုများ ဖြစ်ပေါ်လာနိုင်ပါသည်။ တက္ကသိုလ်၊ ကောလိပ်ဆိုသည်မှာ ကျောင်းသားလူငယ်များအတွက် ဘဝလုံခြုံမှုရှိစေမည့် အသိပညာ၊ အတတ်ပညာ၊ လူမှုပညာတို့ကို ဖြည့်ဆည်း လမ်းညွှန်ပေးသောနေရာ ဖြစ်ပါသည်။

## ထပ်မံဖွင့်လှစ်

ယခုအခါတွင် မြန်မာနိုင်ငံ၌ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်ကြီးတစ်ခုကို ၁၉၉၃ ခုနှစ်က စတင်၍ ရန်ကုန်မြို့တွင် တည်ထောင်ဖွင့်လှစ်ခဲ့ပါသည်။ တက္ကသိုလ်၏ သက်တမ်းရလာသည်နှင့်အမျှ အရည်အသွေးမီ ဘွဲ့ရများကို ပိုမို၍ မွေးထုတ်လာနိုင်ပြီ ဖြစ်ပါသည်။ "မြန်မာ့သုခုမအနုပညာ တိုးတက်ပြန့်ပွားရေးနှင့် ထူးချွန်သော အနုပညာရှင်များ ပေါ်ထွန်းရေးတို့အတွက် သုတေသနနှင့် လေ့ကျင့်ပျိုးထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်" ဟူသောရည်မှန်းချက်နှင့်အညီ ၂၀၀၁ ခုနှစ်တွင် မန္တလေးမြို့၌ ထပ်မံဖွင့်လှစ်ခဲ့ပါသည်။

## အထူးပြုသင်ကြားပေး

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များတွင် ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပုဟူ၍ အထူးပြုဘာသာရပ် လေးခု သင်ကြားပေးလျက် ရှိပါသည်။ ၂၀၀၇ ခုနှစ်မှစတင်၍ ရုပ်ရှင်နှင့် ပြဇာတ်ပညာ အထူးပြုဘာသာရပ်ကို အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)တွင် တိုးချဲ့သင်ကြားပေးလျက်ရှိပါသည်။ စာပေဘာသာရပ်များအနေဖြင့် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သိပ္ပံ၊ ပထဝီဝင်၊ သင်္ချာ၊ သမိုင်း၊ မြန်မာ့ယဉ်ကျေးမှုသမိုင်း၊ ရှေးဟောင်းသုတေသနပညာ၊ ရသပညာ၊ အရှေ့တိုင်းပညာစသည့် ဘာသာရပ်များကို သင်ကြားပေးလျက် ရှိပါသည်။ အထူးပြုပညာဌာနများတွင် သီးခြားအသေးစိတ်သင်ကြားပေးသော ဘာသာရပ်များ ထပ်မံပါရှိပါသည်။ ဥပမာအားဖြင့် ပန်းချီအထူးပြုပညာဌာနတွင် ပန်းချီနည်းပညာ၊ မြန်မာ့ရိုးရာပန်းချီ၊ ပန်းချီခန္ဓာဗေဒ၊ ဒီဇိုင်း (ကွန်ပျူတာအသုံးပြုပုံဆွဲနည်းပညာ)၊ ပန်းချီပညာသမိုင်း၊ ရသပန်းချီ၊ အခြေခံပုံဆွဲပညာ၊ လုပ်ငန်းပန်းချီ စသည့်အပိုင်းအလိုက်၊ ကဏ္ဍအလိုက်ခွဲခြား၍ သင်ကြားပေးပါသည်။ အလားတူ ဂီတ အထူးပြုပညာဌာန၊ သဘင်အထူးပြုပညာဌာန၊ ပန်းပုအထူးပြုပညာဌာန၊ ရုပ်ရှင်နှင့်ပြဇာတ် အထူးပြုပညာဌာန စသည်တို့တွင်လည်း အသေးစိတ် အထူးပြုသင်ကြားပေးလျက် ရှိပါသည်။

## ရွေးချယ်

ဝိဇ္ဇာဘွဲ့ရရှိသည်အထိ သုံးနှစ်သတ်မှတ်ထားပြီး ဝိဇ္ဇာဂုဏ်ထူးဘွဲ့ဆိုပါက လေးနှစ် သတ်မှတ်ထားပါသည်။ ဝိဇ္ဇာဘွဲ့အပြင် ဒီပလိုမာသင်တန်းများ၊ ဘွဲ့လွန်ဒီပလိုမာ သင်တန်းများကိုလည်း ဖွင့်လှစ်ပို့ချလျက် ရှိပါသည်။ တက္ကသိုလ်ဝင်ခွင့်အရည်အချင်း သတ်မှတ်ချက်နှင့် ကိုက်ညီသူများအား ဝင်ခွင့်စိစစ်ရေးအဖွဲ့က တစ်ဦးချင်း တွေ့ဆုံဆွေးနွေးပြီး အနုပညာ ပင်ကိုအရည်အသွေး၊ အနုပညာဗီဇနှင့် ဝါသနာတို့အပေါ် မူတည်၍ ရွေးချယ်ပါသည်။

## သင်ကြားပို့ချ

တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီး တက္ကသိုလ် ဝင်ခွင့်လျှောက်ထားရန် စဉ်းစားနေသော ကျောင်းသား ကျောင်းသူများအနက်မှ အနုပညာဗီဇရှိသူ၊ ဝါသနာရှိသူများအတွက် အဓိကထား၍ သတင်းအချက်အလက်များ ဖြန့်ဝေခြင်း ဖြစ်ပါသည်။ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) သည် ရန်ကုန်မြို့ ဒဂုံမြို့သစ် (တောင်ပိုင်း) တွင် တည်ရှိပြီး ၅၂ဧက ကျယ်ဝန်းသော မြေပေါ်တွင် စာသင်ဆောင်များ၊ လက်တွေ့ခန်းများနှင့် စတူဒီယိုစသဖြင့် စနစ်တကျ ဖွဲ့စည်းတည်ဆောက်ထားပါသည်။ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)သည် ပုသိမ်ကြီးမြို့နယ် ရွှေစာရံဘုရားအနီးတွင် တည်ရှိပြီး အကျယ်အဝန်း ၄၁ဧကခန့် ရှိပါသည်။ အနုပညာဘာသာရပ်များကို နိုင်ငံတကာအဆင့်မီ သင်ရိုးညွှန်းတမ်းများ၊ နည်းပညာများ၊ သင်ကြားမှုအထောက်အကူပစ္စည်းများနှင့် ပညာရှင်ဆရာ ဆရာမများက သင်ကြားပို့ချလျက် ရှိပါသည်။ ရိုးရာအနုပညာများကို ဖော်ထုတ်သင်ကြားနေသကဲ့သို့ နိုင်ငံတကာ အနုပညာဘာသာရပ်များအတွက်လည်း ဆရာများကို ပြည်ပ တက္ကသိုလ်များသို့ မဟာဘွဲ့နှင့် ဒေါက်တာဘွဲ့များ စေလွှတ်သင်ကြားစေပြီး ပြန်လည်သင်ကြားပေးလျက်ရှိပါသည်။



ပြင်ပ ပညာရှင် ရုပ်ရှင်သရုပ်ဆောင် ထပ်ဆင့်အကယ်ဒမီ (ဒေါ်) မို့မို့မြင့်အောင် ရုပ်ရှင်နှင့် ပြဇာတ်ပညာအထူးပြုဘာသာရပ် ဟောပြောပို့ချစဉ်။

## အရေးပါ

နိုင်ငံတကာတွင် အနုပညာရှင်များ၏ စွမ်းအား၊ တန်ဖိုးနှင့် အခန်းကဏ္ဍသည် လွန်စွာ မြှင့်တန်းရောက်လာလျက်ရှိပါသည်။ ဥပမာ ရုပ်ရှင်ထုတ်လုပ်ရေးလုပ်ငန်းဆိုပါက ကြီးမားသော စီးပွားရေးဈေးကွက်ကြီးကို ရရှိထားပြီး လူမျိုးအားလုံး၏ အာရုံကို လွှမ်းမိုးထားနိုင်ကြောင်း မြင်တွေ့နေရပါသည်။ ကမ္ဘာတစ်ဝန်းတွင် ဂလိုဘယ်လိုက်ဇေးရှင်းခေတ် ဖြစ်လာသဖြင့် အနုပညာဖန်တီးမှုများအတွက် ဖြန့်ချိရေးကိစ္စသည် လွန်ခဲ့သော ခေတ်ကာလများကဲ့သို့ မခဲယဉ်းတော့ပါ။ မိနစ်ပိုင်းအတွင်း ဖြန့်ချိနိုင်သော မီဒီယာနည်းပညာများ ပေါ်ပေါက်လာပြီ ဖြစ်ပါသည်။ နိုင်ငံတကာတွင် နေ့စဉ်နှင့်အမျှ အရှိန်အဟုန်နှင့် တိုးတက်ဖွံ့ဖြိုးနေသည့် စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးစသည့် အရေးအရာအားလုံးတွင် အနုပညာရှင်များ၏ အခန်းကဏ္ဍသည် အဓိကကျလျက်ရှိပြီး အရေးပါနေကြောင်း တွေ့မြင်နေရပါသည်။ တစ်ကမ္ဘာလုံးက စိတ်ဝင်စားလှသော ကမ္ဘာ့ဖလားဘောလုံးပွဲ၏ ဖွင့်ပွဲတွင်လည်း အဆို၊ အက၊ အနုပညာရှင်များ၏ အခန်းကဏ္ဍသည် အရေးပါလျက်ရှိနေပါသည်။

## အကြံပြု

တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသော ကျောင်းသားများ၏ မိဘများကိုလည်း ဘာသာရပ်ရွေးချယ်မှုနှင့်ပတ်သက်၍ အကြံပြုလိုပါသည်။ မိမိကလေး၏ ဗီဇနှင့် ပါရမီသည် အနုပညာဘက်တွင် ထူးခြားထက်သန်နေပါက အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်သို့ ပို့ဆောင်ပေးရန် ထည့်သွင်းစဉ်းစားသင့်ပါသည်။ ပါရမီရှင်များကို နိုင်ငံကျော်၊ ကမ္ဘာကျော် အနုပညာရှင်များအဖြစ်သို့ ရောက်ရှိသွားနိုင်စေရန် စနစ်တကျပြုစုပျိုးထောင်နေသော နေရာရပ်ဝန်းသို့ ပို့ဆောင်ပေးရန် လိုအပ်ပါသည်။ အနုပညာဗီဇပါရှိသော ကလေးတစ်ဦးအား အောင်မြင်ထူးချွန်သော အနုပညာရှင်တစ်ဦး ဖြစ်လာစေရန် စနစ်တကျ အားထုတ်ကြိုးပမ်းနိုင်သော အခွင့်အရေးများ ရှိနေပြီဖြစ်ပါသည်။

## လက်ကမ်းကြိုဆို

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များမှ ပါရမီရှင်၊ ဝါသနာရှင် သစ်လွင်မောင်မယ်များကို နွေးထွေးစွာဖြင့် လက်ကမ်းကြိုဆိုလျက်ရှိပါကြောင်း အသိပေးတိုက်တွန်းအပ်ပါသည်။ ။



**သင်ကြားပို့ချ**

ပြင်ပ ပညာရှင် ပန်းချီဆရာကြီး ဦးလွန်းကွယ်နှင့် ဆရာကြီး ဦးသောင်းဟန်တို့ ပန်းချီအထူးပြုဘာသာရပ် သင်ကြားပို့ချစဉ်။



ရုပ်ရှင်နှင့်ပြဇာတ်ပညာ အထူးပြုဘာသာရပ်၌ ကျောင်းသား ကျောင်းသူများ Camera အသုံးပြုပုံကို လက်တွေ့သင်ယူနေကြစဉ်။

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၄-၈-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

- ၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ **ကိလေသာကြေးညှော်ဟောင်း ခမ္မမဂ္ဂင်ရေစင်လောင်း** တရားတော် (ပြည်တွင်းပြည်ပသာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ)
- ၆:၅၅ အံ့ဖွယ်ထူးခြား ကလောမဟာမုနိ ဆုတောင်းပြည့်နီးဘုရား
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၆၇)
- ၈:၃၀ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ရန်ပုံငွေ တေးဂီတဖျော်ဖြေပွဲ (အပိုင်း-၃)
- ၈:၃၀ သာယာဝတီမြို့မှ မြတ်သောအလှူ
- ၉:၂၀ ကုသိုလ်ရနံ့တို့သင်းပျံ့လိုင်... Golden Lamps အမွေးတိုင်
- ၉:၄၀ အားကစားမြင်ကွင်းစုံ
- ၁၀:၂၀ ခရီးတစ်ထောက်နားခိုစရာ
- ၁၀:၃၀ ကိုယ်ရောက်နေတဲ့ကိုယ့်နေရာ မြဘုရင်နို့ချက်စက်ရုံ၏ လုပ်ငန်းရှင် ဦးဝင်းမောင်နှင့်တွေ့ဆုံခြင်း (အပိုင်း-၁)
- ၁၀:၅၀ နယဉ်ဆန်းထွင် ပန်းအလှဆင် (လက်ဆောင်ပန်းစည်း ထုပ်ပိုးနည်း)
- ၁၁:၁၅ Industrial Talk [ဒေါက်တာမျိုးသန့်တင်၊ ဒေါက်တာတင်အောင်ရွှေ (သုတေသီ)]
- ၁၁:၅၀ ခာတ်ပုံထဲမှ အမှတ်တရများ (ဒီလွန်)
- ၁၂:၁၅ အန္တရာယ်ကင်းသောမိခင်ဘဝ (ဒေါက်တာသိန်းသိန်းငွေး)
- ၁၂:၃၀ မြန်မာစာ၊ မြန်မာစကား
- ၁၂:၅၀ သီးပွင့်ဝေဆာ ပဒေသာ (ကျွဲကော)
- ၁:၀၀ **ကိလေသာကြေးညှော်ဟောင်း ခမ္မမဂ္ဂင်ရေစင်လောင်း** တရားတော် (ပြည်တွင်းပြည်ပသာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ စကားနပန်း (TV ကြည့်တာကောင်းတယ်၊ TV မကြည့်တာကောင်းတယ်၊)
- ၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၆၇)
- ၄:၁၅ မူဟန်ကိုယ်စီ တေးကိုသီ
- ၄:၂၅ ကုသိုလ်ရနံ့တို့သင်းပျံ့လိုင်... Golden Lamps အမွေးတိုင်
- ၄:၄၅ သာယာဝတီမြို့မှ မြတ်သောအလှူ
- ၄:၅၅ ရန်ကုန်မြင်ကွင်းကျယ် (Fun 4 Kids Myanmar)
- ၅:၁၀ ကိုယ်ရောက်နေတဲ့ကိုယ့်နေရာ မြဘုရင်နို့ချက်စက်ရုံ၏ လုပ်ငန်းရှင် ဦးဝင်းမောင်နှင့်တွေ့ဆုံခြင်း (အပိုင်း-၁)
- ၅:၂၅ **ဇင်ဇင်နှင့်ခြင်ကျား** ဇင်ဇင်ဇော်မြင့်၊ လင်းလင်းဇော်မြင့် (ဒါရိုက်တာ-အကယ်ဒမီ စင်ရော်မောင်မောင်)
- ၅:၃၅ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ ခာတ်ပုံထဲမှ အမှတ်တရများ (ဒီလွန်)
- ၆:၄၅ ဗီဒီယိုပြခန်း
- ၇:၀၀ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ရန်ပုံငွေ တေးဂီတဖျော်ဖြေပွဲ (အပိုင်း-၄)
- ၇:၄၅ ရန်ကုန်မြင်ကွင်းကျယ် (Fun 4 Kids Myanmar)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ စကားနပန်း (TV ကြည့်တာကောင်းတယ်၊ TV မကြည့်တာကောင်းတယ်၊)
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၆၇)
- ၁၀:၀၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၁၀:၂၅ Sports World
- ၁၀:၅၀ ဗီဒီယိုပြခန်း
- ၁၁:၀၅ နယဉ်ဆန်းထွင် ပန်းအလှဆင် (လက်ဆောင်ပန်းစည်း ထုပ်ပိုးနည်း)
- ၁၁:၂၅ Industrial Talk
- ၁၁:၅၅ လှပစွာချုပ် ဂျုံရိုးဦးထုပ်
- ၁၂:၀၅ တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူ ဒို့အတူ (ဆိတ်၊ သိုးမွေးမြူရေးနှင့် Export လုပ်ငန်း)
- ၁၂:၂၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်

**MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

# ရွေးကောက်ပွဲတွင် တည်ငြိမ်အေးချမ်းရေးနှင့် ဒီမိုကရေစီ

ဥပဒေလေ့လ

*(ယမန်နေ့မှအဆက်)*

**၅။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေနှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေ**

ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ဥပဒေအမှတ် ၃/၂၀၁၀အဖြစ်လည်းကောင်း၊ အမျိုးသားလွှတ်တော်ဥပဒေကို ဥပဒေအမှတ် ၄/၂၀၁၀ အဖြစ်လည်းကောင်း၊ တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ဥပဒေအမှတ် ၅/၂၀၁၀အဖြစ်လည်းကောင်း ပြဋ္ဌာန်းခဲ့ပါသည်။ ယင်းဥပဒေအသီးသီးတွင် ရွေးကောက်ပွဲဆိုင်ရာပြစ်မှုများနှင့် ပြစ်ဒဏ်များကို အောက်ပါအတိုင်းပြဋ္ဌာန်းထားပါသည်-

**ပုဒ်မ ၅၇။** မည်သူမဆို ရွေးကောက်ပွဲများတွင် ပုဂ္ဂိုလ်တစ်ဦး၏ ဆန္ဒမဲပေးပိုင်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်တို့ကို ကျင့်သုံးခြင်းမပြုနိုင်စေရန် အကြမ်းဖက်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ မလျော်ဩဇာသုံးခြင်း၊ လိမ်လည်လှည့်ဖြားခြင်း၊ လာဘ်ပေးခြင်း သို့မဟုတ် လာဘ်ယူခြင်းကိုပြုလုပ်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**ပုဒ်မ ၅၈။** မည်သူမဆို အောက်ပါပြုလုပ်မှု တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း သို့မဟုတ် ကျူးလွန်ရန် အားပေးကူညီကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်-

(က) ရွေးကောက်မှုဆိုင်ရာ အခွင့်အရေးကို မတရားသဖြင့် ရရှိစေရန်သော်လည်းကောင်း၊ ယင်းအခွင့်အရေးကို ရရှိခဲ့ခြင်းအတွက် ကျေးဇူးတုံ့ပြန်သည့်အနေဖြင့်သော်လည်းကောင်း ငွေ၊ ပစ္စည်း၊ အစားအသောက်၊ ရာထူး၊ အလုပ်အကိုင် နေရာပြောင်းရွှေ့မှု သို့မဟုတ် အခြားအခွင့်အရေး တစ်ခုခုကို အသုံးပြုလျက် လာဘ်ပေးခြင်း သို့မဟုတ် လာဘ်ယူခြင်း၊

(ခ) ရွေးကောက်မှုဆိုင်ရာ အခွင့်အရေးကို လွတ်လပ်စွာမကျင့်သုံးနိုင်စေရန် လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးဦးကိုသော်လည်းကောင်း၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ တစ်ဦးဦးကိုသော်လည်းကောင်း ခြိမ်းခြောက်ခြင်း၊

(ဂ) လူမျိုးရေးကိုဖြစ်စေ၊ ဘာသာရေးကိုဖြစ်စေ အကြောင်းပြု၍ ဆန္ဒမဲပေးရန်သော်လည်းကောင်း၊ ဆန္ဒမဲမပေးရန်သော်လည်းကောင်း ပြောဆိုခြင်း၊ ဟောပြောခြင်း၊ ကြေညာချက် ထုတ်ပြန်ခြင်း သို့မဟုတ် ယင်းသို့ ပြုလုပ်ရန် အားပေးလှုံ့ဆော်ခြင်း၊

(ဃ) ဆန္ဒမဲပေးခြင်း ပျက်ပြားစေရန်ဖြစ်စေ၊ ရွေးကောက်ပွဲ ပျက်ပြားစေရန်ဖြစ်စေ စည်းဝေးဟောပြောခြင်း၊ လှုံ့ဆော်ခြင်း၊ ရေးသားခြင်း၊ ဖြန့်ချိခြင်း၊ ပိုစတာများ အသုံးပြုခြင်း သို့မဟုတ် အခြားနည်းဖြင့် အားထုတ်ကြိုးပမ်းခြင်း။

**ပုဒ်မ ၅၉။** မည်သူမဆို အောက်ပါပြုလုပ်မှု တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း သို့မဟုတ် ကျူးလွန်ရန် အားပေးကူညီကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်-

(က) ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲများက ထုတ်ပြန်ထားသော စာရင်း၊ အကြောင်းကြားစာ သို့မဟုတ် ရွေးကောက်ပွဲဆိုင်ရာ အခြားစာရွက်စာတမ်းများကို တမင်ကြံရွယ်ချက်ဖြင့် ဖျက်ဆီးခြင်း သို့မဟုတ် ဖတ်ရှု၍ မရစေရန် ပြုလုပ်ခြင်း၊

(ခ) မဲစာရင်းကိုသော်လည်းကောင်း၊ ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်ကိုသော်လည်းကောင်း၊ ယင်းတို့ကို ပေးပို့ရာတွင် အသုံးပြုသော စာအိတ် သို့မဟုတ် အထုပ်ကိုသော်လည်းကောင်း တမင်ကြံရွယ်ချက်ဖြင့် ဖျက်ဆီးခြင်း သို့မဟုတ် ယင်းတို့တွင် ရေးသွင်းထားချက်များကို ဖတ်ရှု၍ မရစေရန်ပြုလုပ်ခြင်း၊

(ဂ) ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်ကို မသမာသောနည်းဖြင့် အခြားသူ တစ်ဦးအားပေးခြင်း၊

(ဃ) ဆန္ဒမဲလက်မှတ်မှအပ အခြားပစ္စည်းတစ်ခုခုကို မဲပုံးအတွင်းသို့ ထည့်သွင်းခြင်း၊

> **ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ပြဋ္ဌာန်းခဲ့သော ဥပဒေများအရ ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုနှင့် ပြစ်ဒဏ်များကို ပြစ်မှုဆိုင်ရာဥပဒေ (ရာဇသတ်ကြီး) ပြဋ္ဌာန်းခဲ့သည့် ၁၈၆၁ခုနှစ်ကပင် ပြဋ္ဌာန်းပါရှိခဲ့ကြောင်း တွေ့ရှိရသည်။ ပြည်ထောင်စုမြန်မာနိုင်ငံ လွတ်လပ်ရေးရရှိသည့် ၁၉၄၈ ခုနှစ်နောက်ပိုင်း ယခုအထိ ယင်းပြဋ္ဌာန်းချက်များကို ဆက်လက်လက်ခံ ကျင့်သုံးလျက်ရှိပါသည်။**

(င) အသုံးပြုဆဲဖြစ်သော မဲပုံးကို အခွင့်အာဏာမရရှိဘဲ ဖွင့်လှစ်ခြင်း သို့မဟုတ် ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်ကို ဖျက်ဆီးခြင်း၊

(စ) ရွေးကောက်ပွဲတစ်ခုခုတွင် လွှတ်တော်မဲဆန္ဒနယ် တစ်နယ်ထက်ပိုသော မဲဆန္ဒနယ်များအတွက် ဆန္ဒမဲပေးခြင်း၊

(ဆ) ရွေးကောက်ပွဲတစ်ခုခုတွင် မိမိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသော လွှတ်တော်မဲဆန္ဒနယ်အတွက် တစ်ကြိမ်ထက်ပို၍ ဆန္ဒမဲပေးခြင်း၊

(ဇ) သူတစ်ပါးအယောင်ဆောင်၍ ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်ကို လာရောက်တောင်းဆိုခြင်း သို့မဟုတ် ဆန္ဒမဲပေးခြင်း၊

(ဈ) ရွေးကောက်ပွဲကျင်းပနေစဉ် မဲရုံအတွင်းသို့ ဝင်ခွင့်မရှိဘဲ ဝင်ရောက်ခြင်း၊

(ည) အတုပြုလုပ်ထားသော ဆန္ဒမဲ လက်မှတ်တစ်ခုခုကိုဖြစ်စေ၊ အများကိုဖြစ်စေ မဲပုံးအတွင်းသို့ ထည့်သွင်းခြင်း။

**ပုဒ်မ ၆၀။** မည်သူမဆို ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ တစ်ဦးဦးအား ဆန္ဒမဲပေးခြင်း မပြုနိုင်စေရန် နှောင့်ယှက်ကြောင်း သို့မဟုတ် နှောင့်ယှက်ရန် အားပေးကူညီကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**ပုဒ်မ ၆၁။** မည်သူမဆို ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မဲရုံအတွင်း၌ဖြစ်စေ၊ မဲရုံမှ ကိုက် ၅၀၀အကွာအတွင်း၌ဖြစ်စေ အောက်ပါပြုလုပ်မှု တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်-

(က) မဲဆွယ်ခြင်း၊

(ခ) မဲဆန္ဒရှင်တစ်ဦးဦးအား လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးဦးကို ဆန္ဒမဲပေးရန် တောင်းဆိုခြင်း သို့မဟုတ် ဆန္ဒမဲမပေးရန် တိုက်တွန်း သွေးဆောင်ခြင်း၊

(ဂ) ရွေးကောက်ပွဲ၌ ဆန္ဒမဲပေးရန်သော်လည်းကောင်း၊ ဆန္ဒမဲမပေးဘဲနေရန်သော်လည်းကောင်း တိုက်တွန်းသွေးဆောင်ခြင်း။

**ရှင်းလင်းချက်။** ဤပုဒ်မပါ ကိစ္စအလို့ငှာ အခြားနေရာများတွင် ရွေးကောက်ပွဲနှင့် သက်ဆိုင်သည့် ကြော်ငြာ၊ စာရွက်စာတမ်း စသည်တို့ ကပ်ထားခြင်းနှင့် ချိတ်ဆွဲထားခြင်းတို့ မပါဝင်။

**ပုဒ်မ ၆၂။** မည်သူမဆို ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် ဆန္ဒမဲပေးရန် လာရောက်သူများ စိတ်ငြိုငြင်စေရန် သို့မဟုတ် မဲရုံတွင် တာဝန်ကျသော မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ ဝတ္တရားဆောင်ရွက်ခြင်းကို အနှောင့်အယှက်ဖြစ်စေရန် မဲရုံအတွင်း၌ဖြစ်စေ၊ မဲရုံမှ ကိုက် ၅၀၀ အတွင်း၌ဖြစ်စေ အသံချဲ့စက် အစရှိသော အသံကို ကျယ်အောင်ပြုလုပ်သည့် ကိရိယာတန်ဆာပလာသုံးစွဲခြင်း၊ အော်ဟစ်ခြင်း အစရှိသော စည်းကမ်းမဲ့သည့် အပြုအမူကို ပြုလုပ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**ပုဒ်မ ၆၃။** မည်သူမဆို မဲရုံတွင် ဆန္ဒမဲပေးရန် သတ်မှတ်ထားသော အချိန်နာရီအတွင်း မဲရုံ၌ မဖွယ်မရာသော အမူကိုပြုခြင်း သို့မဟုတ် မဲရုံမှူးက မိမိ၏တာဝန်ဝတ္တရားအရပေးသည့်အမိန့်ကို မနာခံခြင်းကြောင့် မဲရုံမှူး သို့မဟုတ် မဲရုံမှူး၏ အခွင့်အာဏာရ မဲရုံအဖွဲ့ဝင်တစ်ဦး၏ အမိန့်အရ တာဝန်ကျရဲတပ်ဖွဲ့ဝင် သို့မဟုတ် အခြားလုံခြုံရေးတာဝန်ရှိသူက မဲရုံမှ ဖယ်ရှားခံရပြီးနောက် မဲရုံမှူး၏ ခွင့်ပြုချက်မရရှိဘဲ မဲရုံသို့ပြန်ဝင်လာကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**ပုဒ်မ ၆၄။** မည်သူမဆို ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုများနှင့် စပ်လျဉ်း၍ လိမ်လည်စွပ်စွဲ တိုင်တန်းကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

ဟု ပြဋ္ဌာန်းထားပါသည်။

ထို့ပြင် ယင်းဥပဒေအသီးသီး၏ ပုဒ်မ ၆၆ တွင် "တရားမဲ့ပြုကျင့်မှုများ" အကြောင်းကို အောက်ပါအတိုင်း ပြဋ္ဌာန်းထားပါသည်-

**ပုဒ်မ ၆၆။** အောက်ပါတို့သည် တရားမဲ့ပြုကျင့်မှုများဖြစ်သည်-

(က) လွှတ်တော် ကိုယ်စားလှယ်လောင်းကဖြစ်စေ၊ ယင်း၏ ရွေးကောက်ပွဲ ကိုယ်စားလှယ်က

ဖြစ်စေ၊ ယင်းတို
တူညီချက်ဖြင့် အခြ
(၁) လာဘ်ပေးင
(၂) ရွေးကောက်
အနှောင့်အ
(၃) သူတစ်ပါး
(၄) မဟုတ်မမှန်
(၅) မဟုတ်မမှ
ခြင်း။

(ခ) မဲဆန္ဒနယ်တစ်နယ
တွင် တစ်ကြိမ်ထ
သို့မဟုတ် ရွေးေ
တည်း ကျင်းပစ
မဲဆန္ဒနယ်များအ
မိမိလိုလားသော
လောင်းအား အက

(ဂ) လွှတ်တော်ကိုယ်စ
ကောင်း၊ ယင်း၏
လှယ်ကသော်လည
ဆိုင်ရာ ကုန်ကျ
သတ်မှတ်ချက်နှင့်
စရိတ်များ ကျခံ
ယင်းသို့ ကျခံသုံး

(ဃ) ရွေးကောက်ပွဲဆိုင
စာရင်းများကို ရွေ
က သတ်မှတ်ထာ
ထားရန် ပျက်ကွ

(င) လွှတ်တော်ကိုယ်စ
ယင်း၏ ရွေးကေ
တိုက်တွန်းချက်ဖြ
သဘောတူညီချက်
(၁) လွှတ်တော်
အဖြစ်ပါဝင်
နေရန်
ကိုယ်စားလှ
ရည်ရွယ်ချ

> ပြည်ထောင်
> ပြီး ခေတ်မီဖွံ့ဖြ
> ရှေ့လုပ်ငန်းစဉ်
> မဲဆန္ဒရှင်ပြည်သ
> အဖွဲ့အစည်းမျ
> အဆင့်ကိုပင်
> ဆန္ဒမဲဖြင့် မိမိ
> ရွေးကောက်ပွဲမ
> သည် ဒီမိုကရေ

## ဥပဒေလေ့လာသူတစ်ဦး

ဖြစ်စေ၊ ယင်းတို့ တစ်ဦးဦး၏ သဘောတူညီချက်ဖြင့် အခြားသူတစ်ဦးဦးကဖြစ်စေ-

(၁) လာဘ်ပေးလာဘ်ယူမှု ပြုလုပ်ခြင်း၊
(၂) ရွေးကောက်မှုဆိုင်ရာ အခွင့်အရေးကို အနှောင့်အယှက် ပြုလုပ်ခြင်း၊
(၃) သူတစ်ပါး အယောင်ဆောင်ခြင်း၊
(၄) မဟုတ်မမှန် ပြောဆိုကြေညာခြင်း၊
(၅) မဟုတ်မမှန် ဝန်ခံလက်မှတ်ရေးထိုးခြင်း။

(ခ) မဲဆန္ဒနယ်တစ်နယ်အတွင်း ရွေးကောက်ပွဲတွင် တစ်ကြိမ်ထက်ပို၍ ဆန္ဒမဲပေးခြင်း သို့မဟုတ် ရွေးကောက်ပွဲများကို တစ်ချိန်တည်း ကျင်းပစဉ် တစ်နယ်ထက်ပိုသော မဲဆန္ဒနယ်များအတွက် ဆန္ဒမဲပေးခြင်းဖြင့် မိမိလိုလားသော လွှတ်တော်ကိုယ်စားလှယ်လောင်းအား အကျိုးရှိစေခြင်း၊

(ဂ) လွှတ်တော်ကိုယ်စားလှယ်ကသော် လည်းကောင်း၊ ယင်း၏ ရွေးကောက်ပွဲကိုယ်စားလှယ်ကသော်လည်းကောင်း ရွေးကောက်ပွဲဆိုင်ရာ ကုန်ကျစရိတ်နှင့် စပ်လျဉ်း၍ သတ်မှတ်ချက်နှင့် မညီညွတ်သော အသုံးစရိတ်များ ကျခံသုံးစွဲခြင်း သို့မဟုတ် ယင်းသို့ ကျခံသုံးစွဲရန် သဘောတူညီခြင်း၊

(ဃ) ရွေးကောက်ပွဲဆိုင်ရာ ကုန်ကျစရိတ် ငွေစာရင်းများကို ရွေးကောက်ပွဲကိုယ်စားလှယ်က သတ်မှတ်ထားသည့်အတိုင်း ရေးမှတ်ထားရန် ပျက်ကွက်ခြင်း၊

(င) လွှတ်တော်ကိုယ်စားလှယ်လောင်း သို့မဟုတ် ယင်း၏ ရွေးကောက်ပွဲကိုယ်စားလှယ်၏ တိုက်တွန်းချက်ဖြင့်သော် လည်းကောင်း၊ သဘောတူညီချက်ဖြင့်သော်လည်းကောင်း-

(၁) လွှတ်တော် ကိုယ်စားလှယ်လောင်း အဖြစ်ပါဝင်ရန် သို့မဟုတ် မပါဝင်ဘဲနေရန် သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ရန် ရည်ရွယ်ချက်ဖြင့်ဖြစ်စေ၊ ကျေးဇူးတုံ့ပြန်ချက်ဖြင့်ဖြစ်စေ တစ်ဦးတစ်ယောက်သောသူက လာဘ်လာဘ လက်ခံခြင်း သို့မဟုတ် လာဘ်လာဘ လက်ခံရန် သဘောတူခြင်း၊
(၂) ဆန္ဒမဲပေးရန် သို့မဟုတ် ဆန္ဒမဲမပေးဘဲနေရန် မဲဆန္ဒရှင် တစ်ဦးဦးကို သွေးဆောင်ရန်ဖြစ်စေ၊ သွေးဆောင်လိုသဖြင့် အားထုတ်ရန်ဖြစ်စေ တစ်ဦးတစ်ယောက်သောသူက မိမိအတွက် သို့မဟုတ် သူတစ်ပါးအတွက် လာဘ်လာဘ လက်ခံရန် သဘောတူခြင်း။

(စ) မမှန်မကန်ပြုလုပ်ထားသော ရွေးကောက်ပွဲဆိုင်ရာ ကုန်ကျစရိတ်ငွေစာရင်းကို တင်ပြခြင်း သို့မဟုတ် ထိုကဲ့သို့ ရွေးကောက်ပွဲဆိုင်ရာ ကုန်ကျစရိတ် ငွေစာရင်းကို မှန်ကန်သည်ဟု ဝန်ခံခြင်း သို့မဟုတ် သတ်မှတ်ထားသည့်အတိုင်း တင်သွင်းရန် ပျက်ကွက်ခြင်း၊

(ဆ) လွှတ်တော်ကိုယ်စားလှယ်လောင်း မဟုတ်သော သို့မဟုတ် ယင်း၏ ရွေးကောက်ပွဲကိုယ်စားလှယ်မဟုတ်သော အခြားသူတစ်ဦးဦးက ယင်းလွှတ်တော်ကိုယ်စားလှယ်လောင်း၏ ခွင့်ပြုချက်မရှိဘဲ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရစေရန်ဖြစ်စေ၊ ရွေးကောက်တင်မြှောက်ခံရရေးအတွက် အားပေးလိုသောကြောင့်ဖြစ်စေ၊ အစည်းအဝေးကျင်းပ၍သော်လည်းကောင်း၊ စာရွက်စာတမ်းများ ဝေငှ၍သော်လည်းကောင်း၊ အခြားတစ်နည်းနည်းဖြင့်သော်လည်းကောင်း ငွေအကုန်အကျခံခြင်း သို့မဟုတ် ကုန်ကျရန် ခွင့်ပြုခြင်း၊

(ဇ) ပုံနှိပ်သူ၊ ထုတ်ဝေသူတို့၏ အမည် နေရပ်မပါရှိသော ရွေးကောက်ပွဲနှင့်သက်ဆိုင်သည့် ကြော်ငြာ၊ စာရွက်စာတမ်း၊ ပိုစတာစသည်တို့ကို ဖြန့်ချိထုတ်ဝေခြင်းဖြင့် မိမိလိုလားသော လွှတ်တော်ကိုယ်စားလှယ်လောင်းအား အကျိုးရှိစေခြင်း၊

(ဈ) လွှတ်တော်ကိုယ်စားလှယ်လောင်းသို့မဟုတ် ယင်း၏ ရွေးကောက်ပွဲ ကိုယ်စားလှယ်၏ တိုက်တွန်းချက်ဖြင့်သော် လည်းကောင်း၊ သဘောတူညီချက်ဖြင့်သော်လည်းကောင်း မဲဆန္ဒရှင်က ဆန္ဒမဲပေးချိန်တွင် မိမိ၏ ဆန္ဒမဲလက်မှတ်ကို မဲရုံမှ အခြားသို့ ယူဆောင်သွားခြင်း၊

(ည) လွှတ်တော်ကိုယ်စားလှယ်လောင်း သို့မဟုတ် ယင်း၏ ရွေးကောက်ပွဲကိုယ်စားလှယ်ကဖြစ်စေ၊ ယင်းတို့ တစ်ဦးဦး၏ သဘောတူညီချက်အရ အခြားသူတစ်ဦးကဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦး ရွေးကောက်တင်မြှောက်ခံရရေးအတွက် အကူအညီကို ဝန်ထမ်းတစ်ဦးဦးထံမှ ရယူခြင်း၊ ရယူရန် အားပေးကူညီခြင်း သို့မဟုတ် ရယူရန်အားထုတ်ခြင်း၊

(ဋ) လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦး ရွေးကောက်တင်မြှောက်ခံရရေးအတွက် ဘာသာရေး အထိမ်းအမှတ်များကို ရွေးကောက်ပွဲတွင်အသုံးပြုခြင်း သို့မဟုတ် လူမျိုးကိုဖြစ်စေ၊ ကိုးကွယ်ရာ ဘာသာကိုဖြစ်စေ အကြောင်းပြု မဲပေးကြရန် သို့မဟုတ် မဲမပေးဘဲနေကြရန် အစီအစဉ်ပြုလျက် လှုံ့ဆော်ခြင်း၊

(ဌ) လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦး ရွေးကောက်တင်မြှောက် ခံရရေးအတွက် ပါတီတစ်ခုခုကိုဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ အကြမ်းဖက်ခြင်း၊ မမှန်မကန်စွပ်စွဲခြင်း၊ ရေးသားခြင်း၊ အများပြည်သူ ဆူပူမှုဖြစ်အောင် ဖန်တီးခြင်း။

### ၆။ သုံးသပ်တင်ပြချက်

**ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ပြဋ္ဌာန်းခဲ့သော ဥပဒေများအရ ရွေးကောက်ပွဲဆိုင်ရာပြစ်မှုနှင့် ပြစ်ဒဏ်များကို ပြစ်မှုဆိုင်ရာဥပဒေ(ရာဇသတ်ကြီး) ပြဋ္ဌာန်းခဲ့သည့် ၁၈၆၀ခုနှစ်ကပင် ပြဋ္ဌာန်းပါရှိခဲ့ကြောင်း တွေ့ရှိရသည်။ ပြည်ထောင်စုမြန်မာနိုင်ငံ လွတ်လပ်ရေးရရှိသည့် ၁၉၄၈ခုနှစ်နောက်ပိုင်း ယခုအထိ ယင်းပြဋ္ဌာန်းချက်များကို ဆက်လက်လက်ခံ ကျင့်သုံးလျက်ရှိပါသည်။** ၁၉၇၃ခုနှစ်၊ ၁၉၇၆ခုနှစ်၊ ၁၉၈၉ခုနှစ်နှင့် ၂၀၁၀ခုနှစ်များတွင် ရွေးကောက်ပွဲဆိုင်ရာဥပဒေများ ပြဋ္ဌာန်းခဲ့ရာတွင်လည်း ရွေးကောက်ပွဲဆိုင်ရာပြစ်မှု၊ ပြစ်ဒဏ်များအကြောင်း ပြဋ္ဌာန်းချက်များပါရှိပါသည်။ ထို့ပြင် နိုင်ငံတော်တာဝန်ကို တည်ငြိမ်အေးချမ်းစွာ စနစ်တကျ လွှဲပြောင်းပေးရေးနှင့် အမျိုးသားညီလာခံလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်ရေးတို့ကို နှောင့်ယှက်ဆန့်ကျင်ခြင်းမှ ကာကွယ်သည့်ဥပဒေကို ၁၉၉၆ခုနှစ်တွင် ပြဋ္ဌာန်းစဉ်ကလည်း နိုင်ငံတော်တာဝန်ကို တည်ငြိမ်အေးချမ်းစွာ စနစ်တကျ လွှဲပြောင်းပေးနိုင်ရေးနှင့် အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရေးတို့ကို ဟန့်တားနှောင့်ယှက် ဆန့်ကျင်သည့် အပြုအမူလုပ်ရပ်များနှင့်စပ်လျဉ်း၍ အရေးယူနိုင်ရန် ပြဋ္ဌာန်းချက်များပါရှိကြောင်း တွေ့ရှိရပါသည်။

**ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားတည်ဆဲဥပဒေများအရ ပြည်သူများအား ရွေးကောက်ပွဲဆိုင်ရာ အခွင့်အရေးများပေးထားပြီးဖြစ်သော်လည်း ပြည်သူများက ယင်းအခွင့်အရေးများအား ကျင့်သုံးဆောင်ရွက်ခြင်းကို နှောင့်ယှက်ဖျက်ဆီးသည်များလည်း ရှိကောင်းရှိနိုင်သဖြင့် ထိုသို့ နှောင့်ယှက်ဖျက်ဆီးသူများအား အရေးယူတားဆီးနိုင်ရန် ရွေးကောက်ပွဲဆိုင်ရာဥပဒေပြဋ္ဌာန်းချက်များကို ပြဋ္ဌာန်းကျင့်သုံး ဆောင်ရွက်ရခြင်းဖြစ်ပေသည်။**

**ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို အများပြည်သူ၏ဆန္ဒနှင့်အညီ အေးချမ်းတည်ငြိမ်ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်အဖြစ် တည်ထောင်နိုင်ရန် ရှေ့လုပ်ငန်းစဉ်(၇)ရပ်ချမှတ်ပြီး စနစ်တကျ ဆောင်ရွက်လျက်ရှိသည်။ ယခုအခါ မဲဆန္ဒရှင်ပြည်သူများ၏ မဲဆန္ဒဖြင့် နိုင်ငံတော်၏ လွှတ်တော်အရပ်ရပ်နှင့် အာဏာပိုင်အဖွဲ့အစည်းများကို ဖွဲ့စည်းနိုင်ရေးအတွက် လွှတ်တော်ရွေးကောက်ပွဲများ ကျင်းပရန်အဆင့်ကိုပင် ရောက်ရှိလာခဲ့ပြီဖြစ်သည်။ ရွေးကောက်ပွဲများတွင် မဲဆန္ဒရှင်များက မိမိတို့ဆန္ဒမဲဖြင့် မိမိတို့၏လွှတ်တော်ကိုယ်စားလှယ်များကို ရွေးကောက်ကြတော့မည်ဖြစ်ရာ ရွေးကောက်ပွဲများ အေးအေးချမ်းချမ်း ချောချောမောမော အောင်အောင်မြင်မြင်ဖြစ်ရေးသည် ဒီမိုကရေစီ နိုင်ငံတော်သစ် တည်ဆောက်ရေးတွင် အဓိကကျလှပေသည်။**

တရားမျှတသည့် ရွေးကောက်ပွဲဖြစ်စေရန် တရားဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ဖို့ လိုအပ်ပေသည်။ သို့ဖြစ်ရာ ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်လိုသူတိုင်း လွှတ်တော်ရွေးကောက်ပွဲများ အောင်မြင်အေးချမ်းစွာ ကျင်းပနိုင်ရေးအတွက် မိမိတို့ ကျရာအခန်းကဏ္ဍမှ ပူးပေါင်းပါဝင်ကြရန် တိုက်တွန်းလိုက်ရပါသည်။ ။

**ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို အများပြည်သူ၏ဆန္ဒနှင့်အညီ အေးချမ်းတည်ငြိမ်ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်အဖြစ် တည်ထောင်နိုင်ရန် ရှေ့လုပ်ငန်းစဉ်(၇)ရပ်ချမှတ်ပြီး စနစ်တကျ ဆောင်ရွက်လျက်ရှိသည်။ ယခုအခါ မဲဆန္ဒရှင်ပြည်သူများ၏ မဲဆန္ဒဖြင့် နိုင်ငံတော်၏ လွှတ်တော်အရပ်ရပ်နှင့် အာဏာပိုင် အဖွဲ့အစည်းများကို ဖွဲ့စည်းနိုင်ရေးအတွက် လွှတ်တော်ရွေးကောက်ပွဲများကျင်းပရန် အဆင့်ကိုပင် ရောက်ရှိလာခဲ့ပြီဖြစ်သည်။ ရွေးကောက်ပွဲများတွင် မဲဆန္ဒရှင်များက မိမိတို့ ဆန္ဒမဲဖြင့် မိမိတို့၏ လွှတ်တော်ကိုယ်စားလှယ်များကို ရွေးကောက်ကြတော့မည်ဖြစ်ရာ ရွေးကောက်ပွဲများ အေးအေးချမ်းချမ်း ချောချောမောမော အောင်အောင်မြင်မြင်ဖြစ်ရေးသည် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးတွင် အဓိကကျလှပေသည်။**

4-8 (08-09).pmd 2 8/4/2010, 2:05 AM





# ပဲခူးတိုင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ တိုင်းမှူး ဗိုလ်ချုပ်လှမင်း တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဩဂုတ် ၃

**ပဲခူးတိုင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး သရုပ်ပြသင်ခန်းစာ သင်ကြားခြင်း အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင် ၂၄ရက် နံနက်ပိုင်းက တောင်ငူမြို့ ခပေါင်းခန်းမ၌ကျင်းပရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမင်း တက်ရောက်အမှာစကားပြောကြားသည်။** (အပေါ်ပုံ)

ထို့နောက် တိုင်းမှူးသည် တောင်ငူတက္ကသိုလ်၌ ကျင်းပသော သုတေသနစာတမ်းဖတ်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး တောင်ငူတက္ကသိုလ် ပါမောက္ခချုပ်က သုတေသနစာတမ်းဖတ်ပွဲနှင့် သုတေသနစာစောင်ထုတ်ဝေရေး လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

### ပေးအပ်လှူဒါန်း

ဆက်လက်၍ တိုင်းမှူးသည် ဇူလိုင် ၂၅ရက် နံနက်ပိုင်းက ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပသော ပဲခူးတိုင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး သရုပ်ပြသင်ခန်းစာ သင်ကြားခြင်း အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ရုပ်ပြစာအုပ်များကို ပေးအပ်လှူဒါန်းသည်။

### ကြည့်ရှုစစ်ဆေး

ထို့မှတစ်ဆင့် တိုင်းမှူးသည် ပဲခူးမြို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အော်တိုတယ်လီဖုန်းအိတ်ချိန်းသို့ ရောက်ရှိပြီး လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

### ငါးမျိုးစိုက်ထည့်

ဆက်လက်၍ တိုင်းမှူးသည် ဇူလိုင် ၂၆ရက်တွင် ပဲခူးမြို့ မဇင်းဆည်၌ ကျင်းပသော ငါးလွှတ်ပွဲအခမ်းအနားသို့ တက်ရောက်၍ တိုင်းမှူးနှင့် တာဝန်ရှိသူတို့က မဇင်းဆည်အတွင်း ငါးမျိုးများစိုက်ထည့်ပေးကြပြီး တက်ရောက်လာကြသူများ၏ ငါးမျိုးများ စိုက်ထည့်ပေးနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ကမာရွတ်မြို့နယ်၌ ကွန်ကရစ်လမ်းချောခင်းနေမှု ရန်ကုန်မြို့တော်ဝန် ဦးအောင်သိန်းလင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၃

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်းသည် ယမန်နေ့နံနက်ပိုင်းက ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ ခိုင်ရွှေဝါ(ဗဟို)လမ်း၌ ကွန်ကရစ်လမ်းချောခင်းနေမှုနှင့် ပြီးစီးမှု၊ လမ်းဘေးရေနုတ်မြောင်း ရေစီးရေလာကောင်းမွန်စေရန် အမှိုက်သရိုက်နှင့် နုန်းများ ဆယ်ယူရှင်းလင်းနေမှုနှင့် မြေအောက်ရေနုတ်မြောင်း ရေစီးရေလာအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လမ်းလုပ်ငန်းများ စံချိန်စံညွှန်းပြည့်မီစွာ အလေးထားလုပ်ဆောင်ရေး မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ပြည်မြန်မာသတင်းဂျာနယ် ဖြန့်ချိ

ရန်ကုန် ဩဂုတ် ၃

ပြည်မြန်မာသတင်းဂျာနယ် အမှတ် (၇၂၈)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉လမ်းထောင့်) Central Tower ပထမထပ်ရှိ Swesone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုအပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ စီးပွားရေးဆိုင်ရာရုံးခန်းများ သီးသန့်ပါဝင်မည့် နိုင်ငံတကာအဆင့်မီ စီးပွားရေးစင်တာ ဆူးလေဘုရားလမ်းတွင် တည်ဆောက်မည်၊ ၂၀၁၁ IT နည်းပညာနှီးနှောဖလှယ်ပွဲကြီးကျင်းပရန် စီစဉ်နေ၊ မြန်မာအပါအဝင် နိုင်ငံခြားကျောင်းသားအားလုံးအတွက် အင်္ဂလန်ပညာရေးစနစ်ဝင်ခွင့်ပုံစံပြောင်းလဲ၊ သစ်သားနှင့် ပလတ်စတစ် ရောစပ်ထုတ်လုပ်သည့်စက်ရုံ ရှေ့လည်၌လည်မည်၊ သံလိုက်နှင့် လျှပ်စီးလိုင်းပေါင်းစပ်ထုတ်လုပ်ထားသည့် လေပေါ်လွင့်နေသော ပစ္စည်းများ လူကြိုက်များနေ၊ မိုဘိုင်းလ်ဖုန်းမျိုးစုံ ၁၃၀၀၀၀ ထပ်မံတိုးချဲ့ဦးမည်၊ ရေအောက်ရှုခင်းနှင့် သုံးဖက်မြင်နည်းပညာများပါဝင်သည့် ရေသူထီးဇာတ်ကား ရိုက်ကူးပြီးစီး၊ ၂၅နှစ်ခန့် တိမ်ကောနေသည့် ချောင်းသုံးချောင်းကို တူးဖော်ပြီးစီးတော့မည်၊ စင်ကာပူဒေါ်လာ ၁၀၀၀၀တန် ပညာသင်ဆု မြန်မာကျောင်းသားများ လျှောက်ထားနိုင်၊ သစ်ခွအသင်းနှင့် သစ်ခွသုတေသနဓာတ်ခွဲခန်းကြီး ပေါ်ပေါက်ရေးဆောင်ရွက်နေပြီ၊ ဆိတ်နှင့် နွားဦးနှောက်များကို သတိပြုစားသုံးသင့်၊ အများပြည်သူသုံးတယ်လီဖုန်းလုပ်ငန်းကို ပုဂ္ဂလိကလွှဲမည်ဆိုခြင်းမှာ မဟုတ်မှန်၊ အောင်ဇေယျတံတားပေါ်တွင် လိုင်းကားသုံးစီးတိုက်မိ၍ တစ်စီးမီးလောင် ခရီးသည် ၁၅ဦး ဒဏ်ရာရရှိခဲ့၊ အသက် ၈၀အရွယ် စက်ဘီးသမားကြီးနှင့်အဖွဲ့ ရက် ၆၀ကြာ မြန်မာပြည်အနှံ့ မိုင် ၂၆၀၀ကျော် ခရီးနှင်ခဲ့၊ ရန်ကုန်-ပုသိမ်လေကြောင်း ခရီးစဉ်သစ် အပတ်စဉ်ပြေးဆွဲမည်၊ ဘင်္ဂလားဒေ့ရှ်နှင့် Online မှတစ်ဆင့် ဈေးဝယ်ရောင်း လုပ်နိုင်ပြီ၊ အမျိုးသားဒီမိုကရေစီအင်အားစုပါတီ ဌာနချုပ်ဖွင့်လှစ်၊ မြူးနစ်မြို့တစ်ခွင်ရောက်ခဲ့စဉ်က၊ ခြေနင်းအားဖြင့်သွားသော ရေငုပ်သင်္ဘောတီထွင်၊ ဘင်လာဒင်နှင့် အနီးကပ်အဖွဲ့ဝင်များအား စီအိုင်အေက ခြေရာခံထားခဲ့ကြောင်း သတင်းထွက်ပေါ်၊ ခွေးလောက်ကြီးသော ကြွက်ကိုတွေ့ရှိ၊ ဥက္ကာခဲကြောင့်ဖြစ်ပေါ်ခဲ့သည့် ဧရာမချိုင့်ကြီးကို အီဂျစ်တွင်တွေ့ရှိ၊ ဟောင်ကောင်ကျွန်း၏ လေးဆခန့်အကျယ်ရှိ ရေညှိပင်များ တရုတ် အရှေ့ကမ်းလွန်ပင်လယ်ကမ်းခြေတစ်လျှောက် ပေါက်ပွားနေ၊ စက်ရုပ်က ၁၄မိုင်ကျော်လမ်းလျှောက်၍ ကမ္ဘာ့စံချိန်တင်၊ လေဖြတ်နေသူ လောက်များစားသဖြင့် သေဆုံးသွား၊ ပြင်သစ်သမ္မတကတော် ဟောလိဝုဒ်ရုပ်ရှင်လောကသို့ ခြေလှမ်းစ၊ တစ်ပတ်အတွင်း ဗန်ကောက်မြို့တွင် ဒုတိယအကြိမ် ဗုံးပေါက်ကွဲ၊ ပါကစ္စတန်တွင် ရေလွှမ်းမှုကြောင့် လူပေါင်း ၁၂၀၀ကျော်သေဆုံး စသည့် စိတ်ဝင်စားဖွယ်သတင်းများနှင့် ပါဝင်နေကျကဏ္ဍမျိုးစုံအပြင် ရှစ်မျက်နှာတိုးမြှင့်၍ မေတ္တာလက်ဆောင် အချပ်ပိုများနှင့်အတူ ဈေးနှုန်းမတက်ဘဲ အပတ်စဉ်အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး သာယာဝတီခရိုင်၌ အသိပညာပေးဟောပြော

သာယာဝတီ ဩဂုတ် ၃

ပဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီခရိုင် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာစေရေး အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၂၀ရက် မွန်းလွဲ ၁နာရီက သာယာဝတီမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ပညာအားမာန်ခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် ကျောင်းအုပ်ဆရာကြီး ဦးစံသိန်းက အမှာစကားပြောကြားပြီး သာယာဝတီခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ ရဲမှူးမင်းသိန်း (ဝဲပုံ) နှင့် ခရိုင်တာဝန်ခံ(ယာဉ်ထိန်း) ရဲအုပ်စောဝင်း၊ ခရိုင် ကုန်းလမ်းသယ်ယူပို့ဆောင်ရေး ဦးစီးမှူး ဦးချစ်တင်တို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း သိရှိလိုက်နာရေး၊ စက်ဘီးစီးသူများ၊ခြေကျင်လျှောက်သူများ၊ ဆိုင်ကယ်စီးသူများ လိုက်နာရမည့် စည်းကမ်းချက်များနှင့် ယာဉ်ထိန်း လက်အချက်ပြစနစ်တို့ကို ရှင်းလင်းပြောကြားသည်။

(မြန်မာ့အလင်း)



# ပြည်တွင်းအခွန်များဦးစီးဌာန ကွန်ပျူတာအခြေခံသင်တန်းဖွင့်ပွဲ ကျင်းပ

နေပြည်တော် ဩဂုတ် ၃

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန ကွန်ပျူတာအခြေခံသင်တန်း အမှတ်စဉ်(၁၇) ဖွင့်ပွဲကို ဩဂုတ် ၂ရက် နံနက် ၉နာရီက မန္တလေးတိုင်း ပြည်တွင်းအခွန်များဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်တွင်း အခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား) ငွေစာရင်း၊ စာရင်းအင်းနှင့် အထွေထွေဌာနခွဲ ညွှန်ကြားရေးမှူး ဦးအောင်မိုးကြည် တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။

(အောက်ပုံ)

### တက်ရောက်

အဆိုပါသင်တန်းဖွင့်ပွဲသို့ မန္တလေးတိုင်း ပြည်တွင်းအခွန်များဦးစီးဌာန တိုင်းဦးစီးမှူး ဦးကျော်ဇေယျနှင့် ခရိုင်ဦးစီးမှူးများ၊ မြို့နယ်ဦးစီးမှူးများ၊ ဦးစီးအရာရှိများ၊ သင်တန်းနည်းပြများနှင့် အထက်မြန်မာပြည်မှ သင်တန်းသား စုစုပေါင်း ၄၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်မည်ဖြစ်သည်။ (မြန်မာ့အလင်း)



# ပိုးမွှားရောဂါကာကွယ်ရေး ရွှေဘို၌ ဆွေးနွေးဟောပြော

ရွှေဘို ဩဂုတ် ၃

မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း(ရုံးချုပ်)မှ မန်နေဂျာဦးတင်ဝင်း ဦးဆောင်သော ပညာပေးအဖွဲ့ အမှတ်(၅)သည် ဇူလိုင် ၁၄ရက် နံနက် ၈နာရီက ရွှေဘိုမြို့ရှိ ခရိုင်မန်နေဂျာရုံး၌ စိုက်ပျိုးရေးဝန်ထမ်းများအား မြေဆီလွှာ၊ မြေဩဇာ၊ မျိုးစေ့နှင့် ပိုးမွှားရောဂါကာကွယ်ရေးဆိုင်ရာ ပညာရပ်များကို ဟောပြောပို့ချဆွေးနွေးသည်။

အဆိုပါ ပညာပေးသင်တန်းသို့ ရွှေဘိုခရိုင် ရှစ်မြို့နယ်မှ စိုက်ပျိုးရေးဝန်ထမ်း ၁၄၅ဦး တက်ရောက်ကြသည်။ (ခရိုင် ပြန်/ဆက်)

# နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(ကြာသပတေးနေ့-နံနက်+နေ့လယ်+ည)

၅-၈-၂၀၁၀

| | |
|---|---|
| ၇း၀၀ | အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက် |
| ၇း၀၅ | တရားတော် **(ရတနသုတ်)** ဓမ္မပူဇာတေးပဒေသာ |
| ၇း၃၀ | (၃၈)ဖြာမင်္ဂလာ |
| ၇း၃၅ | နံနက်ခင်းတေးပဒေသာ |
| ၈း၀၀ | စံတော်ချိန် + သတင်း |
| ၈း၁၀ | နံနက်ခင်းတေးပဒေသာ |
| ၈း၃၀ | လောကနီတိအသိရှိစေဖို့ (နှလုံးအလှ အဆုံးအမတော်များ) |
| ၈း၃၅ | တေးပဒေသာ |
| ၁၀း၀၀ | အမှတ်တရလက်ဆောင် |
| ၁၀း၃၀ | သတင်းစာအာဘော် |
| ၁၀း၃၅ | တေးပဒေသာ |
| ၁၁း၀၀ | နေ့လယ်ခင်းသတင်း |
| ၁၁း၁၀ | နေ့လယ်ခင်းတေးပဒေသာ |
| ၁၁း၂၅ | ညွှန်းဖွဲ့သီရေး သူ့အလှည့်တေး (စန္ဒရားလှမိုး) |
| ၁၁း၄၅ | သိပ္ပံပညာသိကောင်းစရာ (နေကြတ်ခြင်း) |
| ၁၁း၅၅ | တေးသီချင်း |
| ၁၂း၀၀ | စံတော်ချိန် ဇာနည်စစ်သည်တေးပန်းချီ |
| ၁၂း၂၀ | ယဉ်ကျေးမှုအနုပညာ (ပန္နရူပ) |
| ၁၂း၃၀ | Music Talk တေးပဒေသာ |
| ၁၃း၀၀ | မွန်းလွဲပိုင်းသတင်း |
| ၁၃း၁၀ | တေးပဒေသာ |
| ၁၃း၃၀ | အစီအစဉ်ပြီး၏။ |
| ၁၆း၀၀ | အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ |
| ၁၆း၃၀ | အမှတ်တရတေးလက်ဆောင် |
| ၁၇း၁၀ | ဘဝတစ်ကွေ့အတွေ့အကြုံ (မထိုက်တန်သော ပေးဆပ်ရမှု) တေးပဒေသာ |
| ၁၇း၂၅ | သတင်းစာဆောင်းပါး တေးပဒေသာ |
| ၁၇း၃၀ | ရေဒီယိုဇာတ်လမ်းတွဲများ **ချစ်ခြင်း၏ ပဥ္စလက်**(ဇာတ်သိမ်းပိုင်း) |
| ၁၈း၁၀ | ညနေခင်းတေးပဒေသာ |
| ၁၈း၂၅ | ကျေးလက်ဇာတ်လမ်း **အချစ်ဖီလင်** |
| ၁၈း၄၅ | ချိုချစ်ဖွယ်အင်္ဂလိပ်တေးသီချင်းကဏ္ဍ |
| ၁၉း၀၀ | နိုင်ငံတကာသတင်း |
| ၁၉း၀၅ | ညချမ်းချိန်ခါ တေးပဒေသာ နိုင်ငံရေးဦးတည်ချက် |
| ၁၉း၃၀ | သုတစုံကြွယ်သိစေဖွယ်(စိတ်ဖိစီးမှု) |
| ၁၉း၄၀ | ရေဒီယိုအတိုတ်တေးအရိပ် |
| ၂၀း၀၀ | ပြည်တွင်းသတင်း |
| ၂၀း၂၀ | ချမ်းမြေ့သာယာ သီရိဂေဟာ (မေတ္တာအတွေးလေးများ) |
| ၂၀း၅၀ | သူ့လက်သံ-စောင်းဦးဘသန်းရဲ့ စောင်းလက်သံ စီးပွားရေးဦးတည်ချက် |
| ၂၁း၀၀ | ဆောင်းပါး (သေတတ်ဖို့လည်း လိုသေးတယ်) |
| ၂၁း၀၅ | ခံစားနားဆင် မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ |
| ၂၂း၀၀ | အစီအစဉ်ပြီး၏။ |

# ကွမ်းခြံကုန်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ပညာသင်ထောက်ပံ့ကြေး ပေးအပ်

ရန်ကုန် ဩဂုတ် ၃

ကွမ်းခြံကုန်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၁၈ရက်က မြို့နယ်စစ်မှုထမ်းဟောင်းရုံး၌ကျင်းပရာ မြို့နယ်စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဗိုလ်ကြီးသန့်ဇင်ဦး (ငြိမ်း)က တက္ကသိုလ်နှင့် အခြေခံပညာကျောင်းသား ကျောင်းသူ ၄၅ဦးအတွက် ထောက်ပံ့ငွေကျပ် ၂၉၈၀၀၀ ပေးအပ်ချီးမြှင့်ခဲ့သည်။ **(အောက်ပုံ)**

(မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့)





## ဆေးရုံသုံးပစ္စည်းများလှူဒါန်း

နေပြည်တော် ဩဂုတ် ၃

ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာနမှ နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)ရှိ လူနာများ အသုံးပြုရန်အတွက် ငွေကျပ် ၁၂၁၇၃၀၀ တန်ဖိုးရှိ ဆေးနှင့်ဆေးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ဩဂုတ် ၃ရက် မွန်းလွဲ ၁နာရီက နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)၌ ကျင်းပသည်။

အခမ်းအနားသို့ ဆေးသိပ္ပံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)မှ အထူးကုဆရာဝန်ကြီးများ တက်ရောက်ကြပြီး ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (ကုသ) ဒေါက်တာဦးကြီးမြင့်က အမှာစကား ပြောကြားသည်။

၎င်းနောက် ဆေးသိပ္ပံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခင်ခင်လေးက လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး ဆေးနှင့် ဆေးပစ္စည်းများကို ဆေးရုံအုပ်ကြီးထံသို့ လွှဲပြောင်းပေးအပ်ကာ **(အပေါ်ပုံ)** ဆေးရုံအုပ်ကြီး ဒေါက်တာသောင်းတင်ထွန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ **(သတင်းစဉ်)**

## နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၁၃၆)ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဩဂုတ် ၃

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးကြပ်စီစဉ်သော နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၁၃၆)ကို ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ခြောက်ဘာသာဂုဏ်ထူးရှင် မကြည်စင်ရွှန်းလဲ့ (အထက-၂၊ ဗဟန်း)၏ မျက်နှာဖုံးပုံဖြင့် ယနေ့ထုတ်ဝေဖြန့်ချိလိုက်သည်။

မြင်းမူမောင်နိုင်မိုး၊ မြတ်ဘုန်း(တပ်ကုန်း)၊ ဇော်မျိုးဟန်(ငါးသိုင်းချောင်း)၊ မောင်သန့်ဇင်၊ လေးစိုး(ဒေးဒရဲ)၊ ခင်ဖုန်းကြည်(မိုင်းပွန်)၊ မင်းမောင်နွယ်(မွန်ဌာနီ)၊ ကောင်းညွှန့်ဝေ(ရေစကြို)၊ မောင်ရည်သင်း(ဝေနကမ်းခြေ)၊ အောင်သာဆန်း(သံတွဲ)၊ စောလွမ်းသိမ်း(ရသစာပေ)တို့၏ အဖွင့်ကဗျာများ၊ တက္ကသိုလ်တင်ခ၊ မြင့်သိန်းအောင်၊ ဆင်ဖြူကျွန်းအောင်သိန်း၊ လှထွန်း(တွံတေး)၊ ချစ်နိုင်(စိတ်ပညာ)၊ မွှေးငယ်ငယ်၊ စစ်ကိုင်းစိမ်းစိမ်း၊ စိန်လင်း(ခွဲစိတ်နှင့်ကင်ဆာပါရဂူ)၊ မောင်ကြည်မော်(စကု)၊ မန်းခင်ခင်၊ ကိုခက်ဝေ(တပ်ကုန်း) မဟာဝိဇ္ဇာအရှေ့တိုင်းပညာ၊ မောင်ဒေါင်းဆွေ(ရွှေဇာမြေ)၊ မြမျက်ရှင်၊ တက္ကသိုလ်စိုးယဉ်၊ နေသွန်း၊ ရွှေကိုဦး၊ ရေချမ်း၊ မောင်နေမွန်၊ စောဟန်၊ စိုးခ၊ မင်းသက်ခိုင်(ဝက်လာ)၊ မင်းနွယ်အောင်(စုံနံ့သာမြိုင်)၊ မေဃမင်းသူရိန်၊ ဇေယျမြေမောင်ယဉ်မွှေး(ဇီးကုန်း)၊ မြသီတာသန်းတင်(ဇီးကုန်း)၊ ရွှေညှင်းအေးသိမ့်၊ ကောင်းလှ (ကချင်ပြည်နယ်)၊ ကံဝင်း(ကြေး/မြေ)၊ ကျုံမငေးစိမ်းသူ့ဆွေ၊ မောင်မောင်ကျော်စိုး(ဒေးဒရဲ)၊ နိုင်စေရ(မန်းတက္ကသိုလ်)၊ မင်းမောင်နွယ်(မွန်ဌာနီ)၊ ဝင်းယုမောင်၊ တင်မောင်(စလင်း)၊ စစ်မင်း(တောင်တွင်း)၊ ညွှန့်ဝင်း(ပညာရေး၊ နတ်တလင်း)၊ တွန်းအားရှင်၊ မင်းနီခိုင် (မောင်တော)၊ မောင်ငြိမ်းရည်(မင်းကင်း)၊ တက္ကသိုလ်မောင်ယဉ်သူ၊ ဂေါယာမြေစောဝင်း၊ ဩစူး(သောင်ကြီးမြောက်)၊ ရွှေနေမင်း(အနုပညာအမြုတေရပ်ဝန်း)၊ အောင်ဇင်၊ တင်ရီမ(ညောင်ဦး)၊ တွင်းကြီးသားတင်ဝင်းဦး၊ ကျော်(စက်မှု)၊ အောင်ချစ်စိုး(လသာ)၊ တင်ဝင်း (ပညာရေး-မအူပင်)၊ အောင်ကျော်ဆန်း၊ ကိုကိုအောင်(ကျောက်တန်း)၊ စည်တော်သံ၊ ဖွဲ့နေရောင်ခြည်၊ သက္က(ခေတ္တရာ)၊ မောင်လှိုင်းသစ်(ချစ်စရာမြေ)၊ ထွန်းလှိုင်(မြိုင်)၊ ယွန်းမြတ်မွန်းသျှန်တို့၏ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ဆောင်းပါး၊ ကာတွန်း၊ ကဗျာ့ပန်းရုံရိပ်၊ ကလေးတို့အတွက် ကဗျာလက်ဆောင်စာလက်ဆောင်၊ တောလေ့စာပန်းချီ၊ မှတ်သားစရာ သတ်ပုံကဗျာ၊ ဖျတ်ခနဲပုံရိပ်၊ ကဗျာဆရာ့ရုပ်ပုံလွှာ၊ ရုပ်ရှင်အနုပညာကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ စစ်မြေတစ်နေရာမှပေဖူးလွှာ၊ ဟာသရသကဏ္ဍ၊ နိုင်ငံတကာမြင်ကွင်း သတင်းကဏ္ဍ၊ နိုင်ငံတကာပုံပြင်၊ ဗုဒ္ဓစာဥယျာဉ်ကဏ္ဍ၊ ကျောင်းသားလူငယ်ကဏ္ဍ အစရှိသည်တို့ဖြင့် သုတရသစုံလင်စွာ စီစဉ်တင်ဆက်ထားသည်။

အဆိုပါမဂ္ဂဇင်းကို ရန်ကုန်မြို့ရှိ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၁) ၅၂၉-၅၃၁ စာပေဗိမာန်အဆောက်အအုံ ကုန်သည်လမ်း ဖုန်း-၃၇၄၅၃၂၊ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၂) သစ္စာလမ်း ရန်ကင်းဆရာအတတ်သင်ရှေ့ ဖုန်း-၇၂၅၅၃၀နှင့် အမြို့မြို့အနယ်နယ်ရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## မြန်မာ့အလင်း အားကစားဖောင်ပိတ်သတင်း

## စပိန်နှင့် နယ်သာလန်ဘောလုံးအသင်း ဖီဖာက ဒဏ်ရိုက်

မက်ဒရစ် ဩဂုတ် ၃

တောင်အာဖရိကနိုင်ငံ ဂျိုဟန်နစ္စဘတ်မြို့၌ ဇူလိုင်လအတွင်းက ယှဉ်ပြိုင်ကစားခဲ့သည့် ၂၀၁၀ကမ္ဘာ့ဖလားဘောလုံးဗိုလ်လုပွဲ ပြိုင်ပွဲဝင်နှစ်သင်းဖြစ်သည့် စပိန်အသင်းနှင့် နယ်သာလန်အသင်းတို့အား စည်းကမ်းနှင့်အညီ ညီညွတ်စွာကစားခဲ့ခြင်းမရှိသဖြင့် ဖီဖာက ဩဂုတ် ၃ရက်တွင် ဒဏ်ငွေများရိုက်ခဲ့သည်။ ကမ္ဘာ့ဖလားဘောလုံးအဖွဲ့ချုပ်(ဖီဖာ)၏ ကစားသမားများ ပြစ်မှုဆိုင်ရာတရားရုံးက နယ်သာလန်ဘောလုံးအသင်းကို ပေါင် ၉၀၈၀ ဒဏ်ငွေရိုက်ခဲ့ပြီး စပိန်ဘောလုံးအသင်းအား ပေါင် ၆၀၅၃ ဒဏ်ငွေအသီးသီး ရိုက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဗိုလ်လုပွဲတွင် နှစ်ဖက်ကစားသမားအချို့မှာ စည်းကမ်းနှင့်အညီ မကစားခဲ့၍ ဖီဖာက ဒဏ်ငွေရိုက်ခဲ့ခြင်းဖြစ်သည်။ ယင်းပြိုင်ပွဲတွင် စပိန်အသင်းက နယ်သာလန်အသင်းကို အချိန်ပိုတွင် တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။ **(အင်တာနက်)**

ကောင်းမြတ်သူ-စုစည်းသည်



## နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင်

နေပြည်တော် ဩဂုတ် ၃

**အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ် ကျင်းပသည့် စတုတ္ထအကြိမ်မြောက် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည် အမှတ်ပေးပွဲစဉ်များကို ယနေ့ ညနေ ၄နာရီတွင် သတ်မှတ်နေရာများ၌ ဆက်လက်ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် မိသားစုများ၊ ဘောလုံးအားကစား ဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။**

### အနိုင်ရရှိ

နေပြည်တော် ဘောလုံးအားကစားပြိုင်ကွင်း၌ (ဓ)အုပ်စုမှ ကျန်းမာရေးဝန်ကြီးဌာနအသင်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနအသင်းတို့သည် တစ်ဖက်တစ်ဂိုးစီ သရေဖြင့် လည်းကောင်း၊ နေပြည်တော်ပေါင်းလောင်း ဘောလုံးအားကစားပြိုင်ကွင်း၌ (ဃ)အုပ်စုမှ ပညာရေးဝန်ကြီးဌာနအသင်းနှင့် သစ်တောရေးရာဝန်ကြီးဌာန အသင်းတို့သည် တစ်ဖက်တစ်ဂိုးစီ သရေဖြင့်လည်းကောင်း၊ နေပြည်တော်လယ်ဝေး ဘောလုံးအားကစားပြိုင်ကွင်း၌ (ဃ)အုပ်စုမှသတ္တုတွင်းဝန်ကြီးဌာနအသင်းက လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိသွားသည်။

ဩဂုတ် ၄ရက် ပွဲစဉ်များအဖြစ် နေပြည်တော်ဘောလုံးအားကစားပြိုင်ကွင်း၌ (ဆ)အုပ်စုမှ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းနှင့် အလုပ်သမားဝန်ကြီးဌာနအသင်း၊ နေပြည်တော်ပေါင်းလောင်းဘောလုံး အားကစားပြိုင်ကွင်း၌ (ဆ)အုပ်စုမှ တရားရုံးချုပ် အသင်းနှင့် ဘဏ္ဍာ/အခွန်ဝန်ကြီးဌာနအသင်း၊ နေပြည်တော်လယ်ဝေး ဘောလုံးအားကစားပြိုင်ကွင်း၌ (ဓ)အုပ်စုမှ ဆက်သွယ်ရေး ဝန်ကြီးဌာနအသင်းနှင့် ကျန်းမာရေးဝန်ကြီးဌာနအသင်းတို့ အသီးသီး ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## စာအုပ်စာပေ လှူမိတ်ဆွေ

## ကမ်းရိုးတန်းဒေသများ မိုးပိုလာနိုင်

နေပြည်တော် ဩဂုတ် ၃

**ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ** လွန်ခဲ့သော ၂၄နာရီအတွင်းက ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းတွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မွန်ပြည်နယ်တွင် ဒေသအလိုက်မိုးကြီးခဲ့သည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။

**ဩဂုတ် ၄ရက် ညနေအထိ ခန့်မှန်းချက်မှာ** ကယားပြည်နယ်နှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်ပြီး ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်** မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့၌ တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်အထိ တိုက်ခတ်နိုင်သည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ** ကမ်းရိုးတန်းဒေသများတွင် မိုးပိုလာနိုင်သည်။

**နေပြည်တော်နှင့် မန္တလေးမြို့အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်** ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

## Google Earth နှင့် GIS လက်တွေ့အသုံးချနည်းသင်တန်း ဖွင့်လှစ်မည်

ရန်ကုန် ဩဂုတ် ၃

Myanmar Credent Technology သည် မြန်မာနိုင်ငံအတွင်း ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများနှင့် အစိုးရဌာနဆိုင်ရာများ၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများအတွက် လိုအပ်သော နည်းပညာဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

### ဖွင့်လှစ်မည်

အစိုးရဌာနဆိုင်ရာများ၊ ပုဂ္ဂလိကစီးပွားရေး လုပ်ငန်းများနှင့် အဖွဲ့အစည်းအသီးသီးအတွက် လိုအပ်သော Google Earth မှ ကောင်းကင်ဂြိုဟ်တုဓာတ်ပုံများအား မြေပြင်မြေပုံများအဖြစ်သို့ လွယ်ကူစွာပြောင်းလဲအသုံးချနိုင်ရန်အတွက် Myanmar Credent Technology မှ Google Earth နှင့် GIS လက်တွေ့အသုံးချနည်းသင်တန်းကို ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

Google Earth ဝက်ဘ်ဆိုက်မှ အခမဲ့ရယူအသုံးပြုနိုင်သော ကောင်းကင်ဓာတ်ပုံ၊ ဂြိုဟ်တုဓာတ်ပုံများကို စိုက်ပျိုးရေး၊ ဆည်မြောင်း၊ စည်ပင်သာယာရေးလုပ်ငန်းများ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းများ၊ သဘာဝဘေးကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ စီမံချက်များအတွက် GIS (Geographic Information Systems) ပထဝီသတင်းအချက်အလက် မြေပုံစနစ်သို့မဟုတ် ကွန်ပျူတာသုံး သတင်းအချက်အလက် မြေပုံစနစ်နှင့် ချိတ်ဆက်အသုံးပြုပုံများကို သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း၊ ESRI ကုမ္ပဏီ၏ တရားဝင်ကိုယ်စားလှယ်အဖြစ် ဖြန့်ဖြူးပေးလျက်ရှိသည့် ArcInfo၊ ArcView၊ ArcEditor GIS ဆော့ဖ်ဝဲလ်များ အသုံးပြုသင်ကြားသွားမည် ဖြစ်ကြောင်း သိရသည်။

### သင်တန်းကြေးလျှော့

ပထဝီ၊ ဘူမိဗေဒ၊ စိုက်ပျိုးရေး၊ သစ်တောဘာသာရပ်တို့ဖြင့် ကျောင်းတက်နေဆဲ တက္ကသိုလ် ကျောင်းသားကျောင်းသူများနှင့် ဘွဲ့ရများ၊ အစိုးရဌာနဆိုင်ရာ ဝန်ထမ်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်း (NGO) များမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းများနှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းတို့မှ အသင်းဝင်များအတွက် သင်တန်းကြေး ၂၀ ရာခိုင်နှုန်းလျှော့ပေးမည်ဖြစ်ကာ ကျောင်းများ တက္ကသိုလ်၊ ကောလိပ်များမှ ဆရာဆရာမများအတွက် သင်တန်းကြေး ၄၀ ရာခိုင်နှုန်း လျှော့ပေးမည်ဖြစ်သည်။

အဆိုပါ သင်တန်းကို ဩဂုတ် ၁၄၊ ၁၅၊ ၂၁နှင့် ၂၂ရက် (စနေ၊ တနင်္ဂနွေနေ့) များတွင် နံနက် ၉နာရီမှ ညနေ ၄နာရီအထိ ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ်ရှိ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် e-Learning Center၊ အဆောင် (၁) အခန်း (၄)၌ ရက်သတ္တနှစ်ပတ် (သင်တန်းကာလလေးရက်)ကြာ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်သည်။

အသေးစိတ် အချက်အလက်များကို Myanmar Credent Technology အဆောင် (၁) အခန်း (၇) Myanmar Info-Tech ဖုန်း- ၆၅၂၂၈၅နှင့် ၆၅၂၂၈၆ တို့သို့ ဆက်သွယ်စုံစမ်းအပ်နှံနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## သံတောင်မြို့နယ်၌ သောင်းကျန်းသူအဖျက်သမားများ ထောင်ထားသည့် မိုင်းတစ်လုံးနင်းမိသဖြင့် အပြစ်မဲ့ပြည်သူတစ်ဦးသေဆုံး

နေပြည်တော် ဩဂုတ် ၃

ပဲခူးတိုင်း ထန်းတပင်မြို့နယ် သရက်တန်းကျေးရွာအုပ်စု ဂွအိုင်ကျေးရွာနေ အောင်သူဖြိုးသည် အဖော်သုံးဦးနှင့်အတူ ဇူလိုင် ၃၀ရက် မွန်းလွဲပိုင်းတွင် ပန်းခူးရန်ထွက်လာစဉ် သံတောင်မြို့နယ် မဲတင်းတိမ်တောင်အနီး ကျားမြောင်ရပ် လူသွားလမ်းသို့အရောက် သောင်းကျန်းသူအဖျက်သမားများ ထောင်ထားသည့် မိုင်းတစ်လုံးနင်းမိပြီး ယာခြေချင်းအောက်ပြတ် ဒဏ်ရာရရှိခဲ့သဖြင့် ဇရပ်ကြီးတိုက်နယ်ဆေးရုံသို့ပို့ဆောင်စဉ် သေဆုံးသွားခဲ့ကြောင်း၊ ၂၀၁၀ခုနှစ် ဇန်နဝါရီ ၁ရက်မှ ဇူလိုင် ၃၁ရက်အထိ နိုင်ငံတစ်ဝန်းမိုင်းနင်းမှုကြောင့် အမျိုးသားခြောက်ဦး၊ အမျိုးသမီးနှစ်ဦး စုစုပေါင်းရှစ်ဦး သေဆုံးပြီး အမျိုးသား ၃၉ဦး၊ အမျိုးသမီး ငါးဦး စုစုပေါင်း ၄၄ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

## ကော့သောင်းမြို့နှင့် ရန်ကုန်မြို့တို့၌ လူကုန်ကူးသူတရားခံများအား ဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၃

ကော့သောင်းမြို့နယ် လူကုန်ကူးမှု တားဆီးကာကွယ်ရေး အထူးအဖွဲ့သည် ဇူလိုင် ၂၈ရက် ည ၇ နာရီ ၄၅ မိနစ်ခန့်တွင် ကော့သောင်းမြို့ ရွှေဇင်ယော်ရပ်ကွက်ဟေမာလမ်းရေဆိပ်၌ တစ်ဖက်နိုင်ငံသို့ သွားရောက်မည့် သံဖြူဇရပ်နှင့် လောင်းလုံမြို့နေ အမျိုးသားနှစ်ဦး၊ အမျိုးသမီးလေးဦးတို့အား စစ်ဆေးရာ တစ်ဖက်နိုင်ငံ၌ တရားမဝင် အလုပ်လုပ်ကိုင်ရန် လူပွဲစား လေးဦးက တစ်ဦးလျှင် ငွေကျပ်တစ်သိန်းဖြင့် ပို့ဆောင်ပေးရန် ဆောင်ရွက်ခဲ့ကြောင်း ဖော်ထုတ်ရရှိခဲ့ကြောင်း၊ လူပွဲစား တရားခံလေးဦးအနက် ကော့သောင်းမြို့နေ အေးကြူအား ဖမ်းဆီးရမိသဖြင့် အမှုဖွင့် အရေးယူထားကြောင်း၊ ကျန်တရားခံသုံးဦးအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

### ဖော်ထုတ်

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်ရဲစခန်းသို့ ဇူလိုင် ၂၉ရက် နံနက်ပိုင်းတွင် တစ်ဖက်နိုင်ငံသို့ လူကုန်ကူးခံခဲ့ရသည့် နစ်နာသူတစ်ဦးက လာရောက်တိုင်ကြားချက်အရ ဆူးလေဘုရားလမ်းနှင့် အနော်ရထာလမ်းထိပ်ရှိ ထမင်းဆိုင်တစ်ဆိုင်၌ ရောက်ရှိနေသော ကျောက်မဲမြို့နေ မစန်းစန်းမြင့်အား ခေါ်ယူစစ်ဆေးခဲ့ကြောင်း၊ မစန်းစန်းမြင့်သည် လွန်ခဲ့သောခုနစ်လခန့်က အမျိုးသမီးသုံးဦးအား တစ်ဖက်နိုင်ငံသို့ ပြည့်တန်ဆာအဖြစ် ပို့ဆောင်ရောင်းစားခဲ့ကြောင်း ဖော်ထုတ်သိရှိရသဖြင့် ကျောက်တံတားရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း၊ မစန်းစန်းမြင့်နှင့်အတူ ပြစ်မှုကျူးလွန်ခဲ့သူ မောင်မြင့်ဆိုသူအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ရန်ကုန်မြို့ ကုက္ကိုင်းဓာတ်ဆီဆိုင်အနီး၌ ယာဉ်တိုက်မှုဖြစ်ပွား

ရန်ကုန် ဩဂုတ် ၃

ရန်ကုန်မြို့ ကုက္ကိုင်းဓာတ်ဆီဆိုင်အနီး၌ ဇူလိုင် ၃၀ရက် ည ၇နာရီခန့်က ကမ္ဘာအေးစေတီလမ်းအတိုင်း ဆူးလေဘက်မှ မောင်းနှင်လာသည့် ဒိုင်နာယာဉ်တစ်စီးသည် လမ်းချော်အရှိန်လွန်ကာ တစ်ဖက်ယာဉ်ကြောသို့ရောက်ရှိပြီး မျက်နှာချင်းဆိုင်မှ ဗင်ကိုယ်ပိုင်ယာဉ်နှင့် ၎င်းနောက်မှကပ်ပါလာသည့် စတေရှင်ဝက်ဂွန် ကိုယ်ပိုင်ယာဉ်တို့ကို တိုက်မိခဲ့ကြောင်း၊ ယာဉ်တိုက်မှုကြောင့် ဗင်ကိုယ်ပိုင်ယာဉ်နှင့် စတေရှင်ဝက်ဂွန်ကိုယ်ပိုင်ယာဉ်ပေါ်၌ လိုက်ပါလာသူ အမျိုးသားတစ်ဦး၊ အမျိုးသမီးတစ်ဦးတို့ ဒဏ်ရာ အနည်းငယ်စီ ရရှိသွားကြောင်း၊ ဒိုင်နာယာဉ်မောင်းအား ယာဉ်မှုစစ်ရဲစခန်းက ပြင်းထန်နာကျင်စေမှု၊ ယာဉ်မဆင်မခြင်မောင်းနှင်မှုတို့ဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

4-8 (11).pmd 1 8/4/2010, 2:05 AM

# အန်ဆယ်လော့တီရဲ့ ဖွင့်ဟစကား

စုစည်းရေးသားသူ - မောင်မောင်မြင့်ဆွေ ❖ စာမျက်နှာဖွဲ့စည်းမှု - ဝင့်မာသွင် (မြန်မာ့အလင်း)

လန်ဒန် ဩဂုတ် ၃

**၂၀၁၀-၂၀၁၁ ပရီမီယာလိဂ် ဘောလုံးရာသီ ဩဂုတ် ၁၄ရက်၌ စတင်တော့မည်ဖြစ်သည်။ ပရီမီယာလိဂ် ထိပ်တန်းအသင်းကြီးများအနေဖြင့် ကြိုတင်ပြင်ဆင်မှုများ၊ ဘောလုံးသမား အသစ်ခေါ်ယူမှုများ၊ ခြေစမ်းပွဲ ကစားခြင်းများ ပြုလုပ်လျက်ရှိသည်။ ပြီးခဲ့သည့် ဘောလုံးရာသီက ပရီမီယာလိဂ်ဖလား ဆွတ်ခူးခဲ့သော ချယ်လ်ဆီးအသင်း၏နည်းပြ အန်ဆယ်လော့တီနှင့် ရာသီအကြို ပြင်ဆင်နေမှုနှင့်ပတ်သက်၍ သတင်းထောက်များက တွေ့ဆုံမေးမြန်းခဲ့ရာတွင် -**

**မေး - ကြိုတင်ပြင်ဆင်မှုတွေ အပြီးသတ်ပြီလား။**

ဖြေ - မပြီးသေးပါဘူး၊ ခြေစမ်းပွဲတွေ ကစားဖို့ရှိနေသေးတယ်။ ကစားပြီးခဲ့တဲ့ ခြေစမ်းပွဲရလဒ်တွေက ကျေနပ်စရာပါ။ လူငယ်လူကြီးမျှအောင်၊ တစ်ပွဲနဲ့တစ်ပွဲ ကစားသမားတွေ မထပ်အောင် ပြောင်းလဲကစားပေးနေတယ်။ နောက်ပြီး ဘောလုံးသမားအသစ်တွေ ခေါ်ယူဖြည့်ဆည်းဖို့လည်း မပြီးပြတ်သေးပါဘူး။

**မေး - ဒီနှစ်အတွက် ဘောလုံးသမား အသစ်တွေ ဘယ်နှဦးလောက် ထပ်ဖြည့်မယ်လို့ စိတ်ကူးထားလဲ။**

ဖြေ - အနည်းဆုံး လေးဦးလောက် ခေါ်ယူဖြည့်ဆည်းဖို့ စီစဉ်ထားတယ်။ အဲဒီကစားသမားတွေဟာ လူငယ်ခြေတက်တွေပဲ ဖြစ်မှာပါ။ ကျွန်တော့်ကစားသမားအချို့က အသက်အရွယ်ရလာပြီဆိုတော့ လူငယ်တွေမဖြစ်မနေ ဖြည့်ဆည်းရမှာဖြစ်ပါတယ်။ လက်ရှိမှာတော့ လူငယ်ကစားသမားတွေ ချယ်လ်ဆီးမှာ ရှိနေပါတယ်။ သူတို့ကိုလည်း လာမယ့်ဘောလုံးရာသီမှာ ပွဲထွက်ကစားစေဖို့ စီစဉ်ထားပါတယ်။

**မေး - လူအိုတွေနဲ့ ကျားကန်ထားရတဲ့ အသင်းလို့ ဝေဖန်ပြောဆိုမှုတွေအပေါ် ဘယ်လိုတုံ့ပြန်လိုပါသလဲ။**

ဖြေ - ချယ်လ်ဆီးရဲ့ အဓိက ကစားသမားတွေဖြစ်တဲ့ ဒရော့ဘာ၊ အနယ်လ်ကာ၊ လမ်းပတ်၊ တယ်ရီ၊ ပီတာချက် စတဲ့သူတွေဟာ အသက်အရွယ်ရလာတာတော့မှန်ပါတယ်။ သူတို့အသက်ဟာ ၃၀ နီးပါးအရွယ်တွေပါပဲ။ ဒါပေမယ့် အသင်းအတွက် စွမ်းအားပြည့် အသုံးကျနေဆဲ ကစားသမားတွေပါ။ ဒါ့အပြင် လူငယ်ကစားသမားတွေလည်း တွဲဖက်ကစားခွင့်ပေးနေပါတယ်။ ဒါကြောင့် ချယ်လ်ဆီးကစားသမားတွေရဲ့ ပျမ်းမျှအသက်က ၂၇နှစ်လို့ ပြောရင်ရပါတယ်။

**မေး - လာမယ့်ဘောလုံးရာသီအတွက် အသင်းရဲ့ အဓိက ဘယ်အပိုင်းတွေကို ဖြည့်ဆည်းဖို့ စီစဉ်နေပါသလဲ။**

ဖြေ - ခံစစ်၊ ကွင်းလယ်၊ တိုက်စစ်အပိုင်းအားလုံး ပြောင်းလဲဖြည့်ဆည်းရမှာ ဖြစ်ပါတယ်။ လမ်းပတ်နဲ့ တွဲရမယ့် ကွင်းလယ်ကစားသမားတစ်ဦး၊ ဒရော့ဘာနဲ့တွဲ



ရမယ့်ကစားသမားတစ်ဦးနဲ့ ချယ်လ်ဆီးတိုက်စစ်အတွက် လူငယ်နှစ်ဦး ထပ်မံခေါ်ယူရပါဦးမယ်။

**မေး - နောက်ခံလူ အက်ရှ်လေကိုး ရီးရဲမက်ဒရစ်ကို ပြောင်းရွှေ့မယ်ဆိုတာ မှန်ပါသလား။**

ဖြေ - မဖြစ်နိုင်ပါဘူး၊ အက်ရှ်လေကိုးလို နောက်တန်းဘယ်အစွန် ခံစစ်လုံခြုံတဲ့ ကစားသမားမရှိပါဘူး၊ ကျွန်တော်တို့ သူ့ကို မရောင်းချနိုင်တာပါ။ ရောင်းချရမယ့် ကစားသမားတွေ၊ အငှားချရမယ့် ကစားသမားတွေတော့ရှိတယ်။ အချို့ကစားသမားတွေကို ရောင်းခဲ့ပြီးပါပြီ။

**မေး - ဒီနှစ်မှာ ဘယ်အသင်းတွေက အဓိကပြိုင်ဘက်ဖြစ်လာမလဲ။**

ဖြေ - ပရီမီယာလိဂ်အသင်း ၂၀လုံး ပြိုင်ဘက်ကောင်းတွေချည်းပါပဲ။ ဘယ်အသင်းမှ လျှော့တွက် ကစားလို့မရပါဘူး၊ ပြီးခဲ့တဲ့ရာသီမှာ ကျွန်တော် သင်ခန်းစာတွေ ရခဲ့ပြီးပါပြီ။ အသင်းတိုင်းဟာ မထင်မှတ်တဲ့ ခြေစွမ်းနဲ့ရလဒ်တွေ ဖန်တီးတတ်ပါတယ်။

**မေး - လာမယ့်ဘောလုံးရာသီကုန်ရင် ချယ်လ်ဆီးက ပြောင်းရွှေ့မယ်လို့ သတင်းတွေထွက်နေတာနဲ့ ပတ်သက်ပြီး ဘယ်လို တုံ့ပြန်လိုပါသလဲ။**

ဖြေ - မဖြစ်နိုင်ပါဘူး၊ ကျွန်တော့်အနေနဲ့ ချယ်လ်ဆီးကို ဆုဖလားတွေအများကြီးရယူနိုင်အောင် စွမ်းဆောင်ပေးလိုပါတယ်။ နောက်ပြီး ချယ်လ်ဆီးအောင်မြင်မှုရအောင် အချိန်နည်းနည်းယူပြီး လုပ်ကိုင်ဖို့ စဉ်းစားထားပါတယ်။

**မေး - လာမယ့်ဘောလုံးရာသီအတွက် ကစားသမားအသစ်ဝယ်ယူဖြည့်ဆည်းဖို့ ငွေကြေးကန့်သတ်ထားမှု ရှိပါသလား။**

ဖြေ - အသင်းအတွက် လိုအပ်မယ်ဆိုရင် ငွေကြေးသုံးစွဲခွင့်ပြုထားပါတယ်။ အသင်းအောင်မြင်ရေးအတွက် ငွေကြေးသုံးစွဲဖို့ အခက်အခဲမရှိပါဘူး။

**မေး - ဒီနှစ်ဘောလုံးရာသီမှာ ရည်မှန်းချက်က ဘာဖြစ်မလဲ။**

ဖြေ - ပရီမီယာလိဂ်ဖလားကာကွယ်ဖို့နဲ့ ချန်ပီယံလိဂ်ဖလားရယူနိုင်ဖို့ပါပဲဟု ချယ်လ်ဆီးနည်းပြ အန်ဆယ်လော့တီက ပြောကြားသွားပါကြောင်း။ ။ **(အင်တာနက်)**

# မော်ရင်ဟိုနဲ့ ဂွါဒီယိုလာ ဘယ်သူသာနိုင်မှာလဲ....

မက်ဒရစ် ဩဂုတ် ၃

➤ မြင့်မောင်စိုးရေးသားသည် ➤

**စပိန်လာလီဂါပြိုင်ပွဲများကို ယခုဩဂုတ်လကုန်ပိုင်းမှာ စတင်ကစားကြမှာ ဖြစ်ပါတယ်။ ဒီနှစ် စပိန်လာလီဂါပြိုင်ပွဲမှာ ထူးခြားတာက လက်ရှိချန်ပီယံ ဘာစီလိုနာနဲ့ ရီးရဲမက်ဒရစ်အသင်းတို့ရဲ့ စိန်ခေါ်မှုတွေဟာ ပိုမိုပြင်းထန်လာပါလိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့ ဘာကာနည်းပြ ဂွါဒီယိုလာအနေနဲ့ လက်ရှိချန်ပီယံဆုကို ကာကွယ်ရမှာဖြစ်သလို ရီးရဲမက်ဒရစ်နည်းပြသစ် မော်ရင်ဟိုအနေနဲ့လည်း သူ့ရဲ့အောင်မြင်ခဲ့တဲ့ နည်းပြဂုဏ်ကို ဆက်ထိန်းဖို့ ကြိုးစားနေခြင်းကြောင့်ဖြစ်ပါတယ်။**

ဒါကြောင့်မို့ ဒီနှစ် စပိန်လာလီဂါ ပြိုင်ပွဲဟာ စိတ်ဝင်စားစရာပါပဲ။ ဂွါဒီယိုလာက သူ့ရဲ့ဘာစီလိုနာအသင်းကို ချန်ပီယံဆုအတွက် ဘယ်လိုကာကွယ်ပေးနိုင်မလဲ၊ မော်ရင်ဟိုက ရီးရဲမက်



**ရီးရဲမက်ဒရစ်နည်းပြ မော်ရင်ဟို**

ဒရစ်ကို ဖလားဆွတ်ခူး ပေးနိုင်မလားဆိုတာ ဘောလုံးပရိသတ်များ အထူးစိတ်ဝင်စားနေကြပါပြီ။

ဂွါဒီယိုလာနဲ့ မော်ရင်ဟိုတို့ဟာ အောင်မြင်နေတဲ့ နည်းပြတွေဖြစ်ပေမယ့် ဘဝဖြတ်သန်းပုံတွေကတော့ တခြားစီပါပဲ။ ဂွါဒီယိုလာဟာ ကစားသမားဘဝကနေ နည်းပြဖြစ်လာပေမယ့် မော်ရင်ဟိုကတော့ ကြေးစားဘောလုံးသမားဘဝ မရောက်ခဲ့ဘဲ အောင်မြင်တဲ့ နည်းပြဖြစ်လာခဲ့ပါတယ်။ မော်ရင်ဟိုဟာ ၁၉၉၂ခုနှစ်က စပို့တင်းလစ္စဘွန်းအသင်းနည်းပြ ဘော်ဘီရော့ဘ်ဆင် လက်အောက်မှာ ကနဦးက စကားပြန်တစ်ဦးအဖြစ် လုပ်ကိုင်ခဲ့ပါတယ်။ ဒီနောက်မှာတော့ နည်းပြရော့ဘ်ဆင် ပေါ်တူဂီအသင်း အက်ဖ်စီပေါ်တိုသို့ ပြောင်းရွှေ့သွားချိန်မှာ မော်ရင်ဟိုဟာ ရော့ဘ်ဆင်ရဲ့ လက်ထောက်နည်းပြဖြစ်လာခဲ့ပါတယ်။ သူတို့နှစ်ဦးဟာ သုံးနှစ်အတွင်းမှာ ပေါ်တိုအသင်းနဲ့အတူ ဖလားနှစ်လုံး ဆွတ်ခူးပေးနိုင်ခဲ့ပါတယ်။

**ကမ္ဘာကျော်**

မော်ရင်ဟိုဟာ ၂၀၀၂-၂၀၀၃ ဘောလုံးရာသီမှာ ပေါ်တိုနည်းပြ မဖြစ်လာမီ ဘင်ဖီကာနဲ့ ဒီလီရီယာအသင်းတွေကိုလည်း ကိုင်တွယ်ခဲ့ပါသေးတယ်။ အဲဒီ ၂၀၀၃ ခုနှစ်မှာပဲ မော်ရင်ဟိုဟာ ပေါ်တိုအသင်းကို ဖလားနှစ်လုံး ဆွတ်ခူးပေးနိုင်ခဲ့ပါတယ်။ ၂၀၀၄ ခုနှစ်မှာ ပေါ်တိုအသင်းက မိုနာကိုအသင်းကို သုံးဂိုး-ဂိုးမရှိနဲ့ နိုင်ပြီး ချန်ပီယံလိဂ်ဆုဖလား ဆွတ်ခူးပေးလိုက်ချိန်မှာတော့ မော်ရင်ဟိုရဲ့ အောင်မြင်ကျော်ကြားတဲ့ ဂုဏ်သတင်းဟာလဲ တစ်ဟုန်ထိုး ကမ္ဘာကျော်ခဲ့ပါတယ်။

ဒါကြောင့်လဲ နည်းပြမော်ရင်ဟိုကို ၂၀၀၄ ခုနှစ် မေလမှာ ချယ်လ်ဆီးက နည်းပြအဖြစ် ကမ်းလှမ်းခေါ်ယူခဲ့ပါတယ်။ ၂၀၀၅ခုနှစ်မှာတော့ ချယ်လ်ဆီးကို သူပထမဆုံး ကိုင်တွယ်ခဲ့တဲ့နှစ်မှာပဲ ပရီမီယာလိဂ်ဖလား ဆွတ်ခူးပေးနိုင်ခဲ့ပါတယ်။ ဒီဖလားဟာ ချယ်လ်ဆီးအသင်းရဲ့ နှစ် ၅၀အတွင်းမှာ ပထမဆုံးဆွတ်ခူးနိုင်ခဲ့တဲ့ ပရီမီယာလိဂ်ဖလားဖြစ်ပါတယ်။ မော်ရင်ဟိုဟာ ၂၀၀၆ ခုနှစ်မှာလည်း ချယ်လ်ဆီးကို ပရီမီယာလိဂ်ဖလား ဆက်တိုက်ဆွတ်ခူးပေးနိုင်ခဲ့ပါတယ်။ ဒါ့အပြင် ချယ်လ်ဆီးနဲ့အတူ ၂၀၀၅ခုနှစ်မှာ အက်ဖ်အေ ကွန်မြူနတီဒိုင်း၊ အင်္ဂလိပ်လိဂ်ဖလား၊ ၂၀၀၇ခုနှစ်မှာ အက်ဖ်အေဖလားတို့ကိုလည်း ဆွတ်ခူးပေးနိုင်ခဲ့ပါတယ်။

မော်ရင်ဟိုဟာ အဲဒီ ၂၀၀၇ခုနှစ်မှာပဲ ချယ်လ်ဆီးနည်းပြအဖြစ်မှ နုတ်ထွက်ခဲ့ပါတယ်။ ၂၀၀၈ခုနှစ်မှာတော့ အီတလီစီးရီးအေအသင်း အင်တာမီလန်မှ မန်စီးတီးသို့ ပြောင်းရွှေ့သွားတဲ့ နည်းပြ မန်စီနီရဲ့နေရာကို လွှဲပြောင်းရယူခဲ့ပါ



**လက်ရှိချန်ပီယံ ဘာစီလိုနာအသင်း ကစားသမားများ ဤသို့ ဖလား ကိုင်မြှောက် အောင်ပွဲခံခဲ့ကြသည်။**

တယ်။ အဲဒီနှစ်မှာပဲ မော်ရင်ဟိုဟာ အင်တာမီလန်အသင်းနဲ့အတူ အီတာလျံစူပါဖလား၊ ၂၀၀၉ ခုနှစ်နဲ့ ၂၀၁၀ခုနှစ်တွေမှာ အီတလီစီးရီးအေဖလားတို့ကို ဆက်တိုက်ဆွတ်ချူးပေးနိုင်ခဲ့ပါတယ်။ အထူးခြားဆုံးကတော့ ယခုနှစ် ၂၀၁၀ မှာ ဂျာမနီဘွန်ဒက်စ်လီဂါအသင်း ဘိုင်ယန်မြူးနစ်ကိုနိုင်ပြီး အင်တာမီလန်အတွက် ချန်ပီယံလိဂ်ဆုဖလား ဆွတ်ခူးပေးနိုင်ခဲ့ပါတယ်။ ဒီနောက်မှာတော့ မော်ရင်ဟိုဟာ အင်တာမီလန်ကို နုတ်ဆက်ပြီး စပိန်စူပါအသင်း ရီးရဲမက်ဒရစ်သို့ ပြောင်းရွှေ့ခဲ့ပါတယ်။

**ပြင်းထန်လာ**

ဒါကြောင့်မို့လည်း ဘာစီလိုနာနည်းပြ ဂွါဒီယိုလာတစ်ယောက် စိုးရိမ်မှုတွေ ဖြစ်ခဲ့ရပါတယ်။ ဒါပေမယ့် နည်းပြ ဂွါဒီယိုလာဟာ မော်ရင်ဟိုကိုယှဉ်ဖို့ အသင့်ရှိနေပါတယ်။ သူဟာ ဘာကာလူငယ် ဘောလုံးအကယ်ဒမီမှ အောင်မြင်ကျော်ကြားလာခဲ့တဲ့ ကွင်းလယ်ကစားသမားကောင်း တစ်ဦးဖြစ်ပါတယ်။ ၁၉၉၀ပြည့်နှစ်မှ ၂၀၀၁ခုနှစ်အတွင်း ဘာကာမှာ ပွဲပေါင်း ၄၀၀နီးပါးကစားခဲ့ပြီး လာလီဂါဖလား ခြောက်လုံးနဲ့ အခြားဆုဖလားများ ဆွတ်ခူးပေးနိုင်ခဲ့ပါတယ်။ ဂွါဒီယိုလာကို ၂၀၀၇ခုနှစ်မှာ ဘာစီလိုနာက လက်ထောက်နည်းပြအဖြစ် ခန့်အပ်တာဝန်ပေးခဲ့ပါတယ်။ ၂၀၀၈ခုနှစ် ဇူလိုင်လမှာတော့ နည်းပြဖရန့် ရီကတ်ရဲ့ ရာထူးနေရာကို ဆက်ခံခဲ့ပါတယ်။ အဲဒီနောက် သူ့ရဲ့ပထမဆုံးရာသီမှာ ဘာကာကို ဖလားခြောက်လုံး ဆွတ်ခူးပေးနိုင်တာကြောင့် အံ့ဖွယ်ကောင်းလောက်အောင် နာမည်ကျော်ကြားခဲ့တဲ့ နည်းပြ ဖြစ်ခဲ့ပါတယ်။ ဒါပေမယ့် ပြီးခဲ့တဲ့ ရာသီက ဘာကာကို လာလီဂါဖလားတစ်လုံးသာ ဆွတ်ခူးပေးနိုင်ခဲ့ပြီး ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲမှာ မော်ရင်ဟိုရဲ့ အင်တာမီလန်ကို ရှုံးနိမ့်ခဲ့ရပါတယ်။ ဒါကြောင့်မို့ ဘာစီလိုနာ နည်းပြ ဂွါဒီယိုလာနဲ့ ရီးရဲမက်ဒရစ်နည်းပြ မော်ရင်



**ဘာစီလိုနာနည်းပြ ဂွါဒီယိုလာ**

ဟိုတို့ရဲ့ အားပြိုင်မှုဟာ စပိန်လာလီဂါမှာ ပြင်းထန်လာမယ်ဆိုတာ စုစည်းတင်ပြလိုက်ရပါတယ်။ ။ **ကိုးကား - အင်တာနက်**

# ကမ္ဘာ့အားကစားသတင်းအတိုအထွာ

ချစ်စိုးနိုင် - စုစည်းသည်

## ဆီဗီလာ၌ ဖာဘီယာနိုဆက်နေမည်

*စပိန်လာလီဂါပြိုင်ပွဲဝင်အသင်း ဆီဗီလာမှ ဘရာဇီးတိုက်စစ်မှူး လူးဝစ်ဖာဘီယာနိုက မိမိအား အေစီမီလန်နှင့် စပါးတို့က ခေါ်ယူရန် ဆက်သွယ်နေကြသော်လည်း အသင်းတွင်သာ ဆက်နေမည်ဖြစ်ကြောင်း၊ မိမိ၏အနာဂတ်မှာ ဆီဗီလာအသင်း၌သာရှိကြောင်း ဖွင့်ဟပြောကြားခဲ့သည်။*

## တက်စီနှင့် အက်ဒ်လာအား ခေါ်ယူရန် ဝင်းဂါးပြင်ဆင်

*အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးသည် ဂျာမန်ဘွန်ဒက်စ်လီဂါအသင်း စတုဂတ်မှ ဗဟိုခံစစ်မှူး ဆာဒါတက်စီနှင့် ဘေယာလေဗာကူဆင်မှ အသက် ၂၅နှစ်အရွယ်ရှိ ဂိုးသမား ရီနီအက်ဒ်လာတို့အား ပြောင်းရွှေ့ကြေးပေါင် ၂၂သန်းဖြင့် စာချုပ်ခေါ်ယူရန် ပြင်ဆင်လျက်ရှိသည်။*

## တိုက်စစ်မှူးရော့ဆီအား မန်ယူက ခေါ်ယူဖွယ်

*မန်ယူအသင်းသည် စပိန်လာလီဂါပြိုင်ပွဲဝင်အသင်း ဗီလာရီးရဲမှ အသက် ၂၃နှစ် အရွယ်ရှိ အီတလီတိုက်စစ်မှူး ဂီယူဆက်ပီ ရော့ဆီအား စာချုပ်ခေါ်ယူဖွယ်ရှိကြောင်း၊ ၎င်းအား ခေါ်ယူရန် ထိပ်သီးအသင်းများက ဆက်သွယ်စုံစမ်းမှုများ ပြုလုပ်လျက်ရှိကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။*

## ဖူလ်ဟမ်နည်းပြ မာ့ခ်ဟူချ်ဖြစ်လာ

*ဖူလ်ဟမ်အသင်းသည် လစ်လပ်နေသော နည်းပြနေရာတွင် လောလောဆယ် အသင်းလက်မဲ့ဖြစ်နေသော မန်စီးတီး နည်းပြဟောင်း မာ့ခ်ဟူချ်အား အစားထိုးတာဝန်ပေးလိုက်ပြီး ၎င်းနှင့် သုံးနှစ်စာချုပ် ချုပ်ဆိုလိုက်သည်။*

## ကာယယ်လ်အား ဆဲလ်တစ် စာချုပ်ခေါ်ယူ

*စကော့တလန်အသင်းဆဲလ်တစ်က စကော့တလန်တွင် အလုပ်လုပ်ခွင့် ပါမစ်ရရှိပြီဖြစ်သော မက္ကာဘီဟိုင်ဖာအသင်းမှ အသက် ၂၂နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား ဘိုင်ရမ် ကာယယ်လ်အား လေးနှစ်စာချုပ်ဖြင့် စာချုပ်ချုပ်ဆို ခေါ်ယူလိုက်ပြီဖြစ်သည်။*

## ဖာဘရီဂတ်စ် ဆုံးဖြတ်ချက်ချသင့်ပြီ

*အာဆင်နယ်အသင်းမှ အသက် ၂၃နှစ်အရွယ်ရှိ စပိန် ကွင်းလယ်ကစားသမား ဖာဘရီဂတ်စ်အနေဖြင့် ထင်ကြေးသတင်းများကို အဆုံးသတ်ရန်အတွက် အနာဂတ်ကို တိကျခိုင်မာစွာ ဆုံးဖြတ်ချက်ချသင့်ပြီဖြစ်ကြောင်း အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါးက ဖွင့်ဟပြောကြားခဲ့သည်။*

## ဝါဒါဘရီမင်၌ အိုဇီးလ်ဆက်ကစားမည်

*ရီးရဲမက်ဒရစ်က ခေါ်ယူရန် ပစ်မှတ်ထားနေသော ဘွန်ဒက်စ်လီဂါပြိုင်ပွဲဝင် ဝါဒါဘရီမင်အသင်းမှ ဂျာမနီ ကွင်းလယ်ကစားသမား မီဆွတ်အိုဇီးလ်သည် အသင်းတွင် လက်ရှိစာချုပ် သက်တမ်းကုန်ဆုံးသည့် လာမည့်ဘောလုံးရာသီကုန်သည်အထိ အသင်းတွင် ဆက်ကစားမည်ဖြစ်ကြောင်း၊ ယင်းသို့ ကုန်ဆုံးချိန်တွင် အလွတ်ပြောင်းရွှေ့ကြေးဖြင့် အသင်းမှ ထွက်ခွာဖွယ်ရှိကြောင်း သိရသည်။*

## သုံးဆင့်ခုန်ပြိုင်ပွဲ၌ အိုင်ဒိုဂူ ရွှေဆွတ်ခူး

*စပိန်နိုင်ငံ ဘာစီလိုနာမြို့၌ ကျင်းပခဲ့သော ဥရောပချန်ပီယံရှစ် ပြေးခုန်ပစ် သုံးဆင့်ခုန်ပြိုင်ပွဲတွင် ဗြိတိသျှပြေးခုန်ပစ်သမား ဖိလစ်အိုင်ဒိုဂူက နိုင်ငံအတွက် ဒုတိယမြောက် ရွှေတံဆိပ်ဆွတ်ခူးပေးခဲ့ပြီး အမြင့်ခုန်တွင်မူ မာတင်ဘာနတ်က ကြေးတံဆိပ် ဆွတ်ခူးပေးခဲ့သည်။*

## ဖာရက်ချ် ရွှေတံဆိပ်များ ဆွတ်ခူး

*ဥရောပချန်ပီယံရှစ် ပြေးခုန်ပစ်ပြိုင်ပွဲ၏ အဖွင့်ပွဲစဉ်နေ့ဖြစ်သည့် ပထမနေ့တွင် မီတာ ၁၀၀၀၀ ပြိုင်ပွဲ၌ ရွှေတံဆိပ်ဆွတ်ခူးခဲ့သည့် ပြေးခုန်ပစ်သမား မိုဖာရက်ချ်သည် ဇူလိုင် ၃၁ရက်က မီတာ ၅၀၀၀ ပြိုင်ပွဲ၌လည်း ၎င်း၏ ဒုတိယမြောက် ရွှေတံဆိပ်ဆွတ်ခူးခဲ့သည်။ ။ (အင်တာနက်)*

# ဂိုင်ယာနာသမ္မတနိုင်ငံ ဆိုသည်မှာ....

တိုး-ရေးသားသည်




ဂိုင်ယာနာသမ္မတနိုင်ငံသည် တောင်အမေရိကတိုက် မြောက်ဘက်ကမ်းခြေဒေသတွင်တည်ရှိသည်။ ဤနိုင်ငံသည် သစ်ပင်အမျိုးမျိုး၊ တိရစ္ဆာန်အဖုံဖုံစုံလင်စွာတည်ရှိသည့် ထူးခြားသောဂေဟစနစ်ကြောင့် ဂုဏ်ယူနိုင်သည့်နိုင်ငံဖြစ်သည်။ သို့သော် ဤနိုင်ငံ၏စီးပွားရေးမှာ တောင်အမေရိကတိုက်တွင် အနှံ့ချာ အဆင်းရဲဆုံးစာရင်းဝင်နေသည်ကိုလည်း တွေ့ရသည်။

## ဆွဲဆောင်နိုင်

ကွဲပြားခြားနားသော အပင်ငယ်များ၊ သစ်ကြီးဝါးကြီးများ၊ ထူးထွေဆန်းပြားသော ကျေးငှက်သာရကာများ၊ ပိုးမွှားများ၊ ရောမသားကောင်များဖြင့် ပြည့်လျှံနေသည်။ သဘာဝပတ်ဝန်းကျင်နှင့် တိရစ္ဆာန်များကို ကမ္ဘာလှည့်ခရီးသည်များ အထူးစိတ်ဝင်စားကာ မလာလျှင်မနေနိုင်အောင် ဆွဲဆောင်နိုင်စွမ်း ရှိသည်။

## ဆင်းရဲတွင်းနက်

သို့သော် နိုင်ငံအတွင်းမှ နိုင်ငံရေးအရှုပ်တော်ပုံများ၊ လူမျိုးရေးတင်းမာမှုများ၊ စီးပွားရေးစီမံခန့်ခွဲမှု ညံ့ဖျင်းခြင်းတို့ကြောင့် ဗြိတိသျှကိုလိုနီထမ်းပိုးအောက်မှ လွတ်မြောက်လာသည့်တိုင်အောင် စီးပွားရေးပြဿနာ သပွတ်အူလိုက်ကာ ဂိုင်ယာနာပြည်သူများမှာ ဆင်းရဲတွင်းနက်မြဲ နက်လျက်ရှိပေသည်။

၁၉၆၆ခုနှစ်တွင် ဗြိတိသျှလက်အောက်မှ လွတ်လပ်ရေးရရှိလိုက်သည့် ဤနိုင်ငံသည် တောင်အမေရိက တိုက်တစ်ခုလုံးတွင် တစ်ခုတည်းသော အင်္ဂလိပ်စကားပြောနိုင်ငံဖြစ်သည်။

## ခေါ်ယူအစားထိုး

ဂိုင်ယာနာကို ခရစ္စတိုဖာကိုလံဘတ်က ၁၄၉၈ခုနှစ်တွင် စတင်တွေ့ရှိသည်။ ၁၅၈၀ပြည့်နှစ်တွင် ဒတ်ချ်တို့က ကုန်သွယ်ရေးစခန်းများထူထောင်သည်။ ၁၇၈၀-၁၈၁၃ခုနှစ်များအတွင်းတွင် ဂိုင်ယာနာကို ဒတ်ချ်၊ ပြင်သစ်၊ ဗြိတိန်တို့က လက်ပြောင်းလက်လွှဲသုံးလေးကြိမ်လုပ်သည်။ ၁၈၁၄ခုနှစ် နပိုလီယံစစ်ပွဲများကာလအတွင်း ဂိုင်ယာနာကို ဗြိတိန်က သိမ်းသည်။ ၁၈၃၁ခုနှစ်တွင် ဗြိတိန်ကိုလိုနီအဖြစ် တရားဝင်ကြေညာသည်။ ၁၈၃၄ခုနှစ်တွင် ကျွန်စနစ်ကို ဖျက်သိမ်းသည်။ အာဖရိကကျွန်များကို လွှတ်ပေးလိုက်သည်။ စာချုပ်ဖြင့် အိန္ဒိယမှ အလုပ်သမားများကို ခေါ်ယူအစားထိုးလိုက်သည်။ သို့ဖြင့် စိုက်ပျိုးရေးတွင် အိန္ဒိယလူမျိုးများရောက်လာသည်။

၁၈၇၉ခုနှစ်တွင် ဤနိုင်ငံ၌ရွှေတွေ့သည်။ ၁၉၅၃ခုနှစ်တွင် လက်ဝဲအင်ဒီဂိုင်ယာနာတိုးတက်သော ပြည်သူ့ပါတီ(ပီပီပီ)အနိုင်ရသည့် ဒီမိုကရေစီရွေးကောက်ပွဲအပြီးတွင် ဗြိတိန်က ဂိုင်ယာနာဖွဲ့စည်းပုံအခြေခံဥပဒေကို ရပ်ဆိုင်းပြီး တပ်ဖွဲ့ဝင်များစေလွှတ်ကာ ကြားဖြတ်အစိုးရဖွဲ့ပေးသည်။ ၁၉၅၇ခုနှစ်တွင်ဖွဲ့စည်းပုံ အခြေခံဥပဒေကို ဗြိတိန်က ပြန်လည်ပြဋ္ဌာန်းသည်။ ပီပီပီပါတီမှာလည်း လူမျိုးရေးအရ နှစ်ခြမ်းကွဲသွားသည်။ အိန္ဒိယလူမျိုးအများစုပါသည့် ပီပီပီပါတီကို ချက်ဒီချာဂန်က ဦးဆောင်ပြီး အာဖရိကနွယ်ဖွား ဖော်ဘီဂန်ဟမ်းက ပြည်သူ့အမျိုးသားကွန်ဂရက်(ပီအင်န်စီ)ပါတီကို ဦးဆောင်သည်။ ၁၉၆၃ခုနှစ်တွင် အာဖရိကနွယ်ဖွားများနှင့် ချာဂန်ဦးဆောင်သည့် အိန္ဒိယနွယ်ဖွားများအကြား လူမျိုးရေးပဋိပက္ခဖြစ်သည်။ ၁၉၆၆ခုနှစ်၌ လွတ်လပ်ရေးရသည်။ ဂန်ဟမ်းဝန်ကြီးချုပ် ဖြစ်လာသည်။ ၁၉၇၀ပြည့်နှစ်တွင် ဤနိုင်ငံသည် ဗြိတိသျှ ဓနသဟာယအတွင်းမှ သမ္မတနိုင်ငံဖြစ်လာခဲ့သည်။ ရေမွှန်အာသာချုန်ဂတ် မည်ကာမတ္တ သမ္မတ ဖြစ်လာသည်။

## ပထမဆုံးသမ္မတ

၁၉၈၀ပြည့်နှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ပြဋ္ဌာန်းသည်။ ဂန်ဟမ်းပထမဆုံး သမ္မတဖြစ်လာသည်။ ၁၉၈၅ခုနှစ်တွင် ဂန်ဟမ်းကွယ်လွန်ပြီးနောက် ပီအင်န်စီပါတီမှ ဒက်စမွန်ဟွိုင်း သမ္မတဖြစ်လာသည်။

## အရွေးခံရ

၁၉၉၂ခုနှစ်တွင် လွတ်လပ်ရေးရပြီးနောက် ပထမဆုံး လွတ်လပ်၍တရားမျှတသည့် ရွေးကောက်ပွဲ၌ ပီပီပီပါတီအနိုင်ရပြီး ချက်ဒီချာဂန် သမ္မတဖြစ်လာသည်။ ၁၉၉၇ခုနှစ်တွင် ချာဂန်ကွယ်လွန်သဖြင့် ဇနီး ဂျနက်ချာဂန်သမ္မတဖြစ်လာသည်။ ၁၉၉၉ခုနှစ်တွင် ကျန်းမာရေးကြောင့် ရာထူးမှနုတ်ထွက်ပေးသောအခါ ဘာရက်ဂျက်ဒီယိုသမ္မတဖြစ်လာသည်။ ၂၀၀၆ခုနှစ် ဩဂုတ်လတွင် နောက်ထပ်ငါးနှစ်သက်တမ်းအတွက် ရွေးကောက်ပွဲတွင် သမ္မတအဖြစ်အရွေးခံရသည်။

## ကွဲနေ

၁၉၇၈ခုနှစ်တွင် အဖြစ်ဆိုးတစ်ခုကြောင့် ဤနိုင်ငံမှာ တောင်အမေရိကတိုက်တွင်သာမက တစ်ကမ္ဘာလုံးတွင် ပဟိုးလေးတစ်ကျော်ဖြစ်ခဲ့ရသည်။ ဤဖြစ်ရပ်မှာ ဘာသာရေးခေါင်းဆောင် ဂျင်ဂျုန်း၏နောက်လိုက်များက ဂျုန်းတောင်တွင် လူပေါင်းကိုးရာ အစုအပြုံလိုက် အဆိပ်သောက်သေသွားကြခြင်းဖြစ်သည်။ ဤနိုင်ငံ၏ လူဦးရေခုနစ်သိန်းကျော်ရှိသည့်အနက် သုံးပုံတစ်ပုံမှာ အာဖရိကကျွန်များမှ ဆင်းသက်လာသူများဖြစ်ပြီး ထက်ဝက်နီးပါးမှာ ကျွန်စနစ်ဖျက်သိမ်းပြီးနောက် လယ်ယာလုပ်ငန်းအတွက် စာချုပ်ဖြင့်ခေါ်လာသူ အိန္ဒိယလူမျိုးများမှာ ဆင်းသက်ပေါက်ဖွားလာသူများဖြစ်သည်။ အဓိကနိုင်ငံရေးပါတီကြီးနှစ်ခုမှာလည်း လူမျိုးရေးအရ ကွဲနေခြင်းဖြစ်သည်။

## အဓိကဝင်ငွေရှာပေး

ကြံလုပ်ငန်းမှာ အလုပ်အကိုင်အများဆုံးပေးထားသည့် အဓိကဝင်ငွေရှာပေးသောလုပ်ငန်းဖြစ်သော်လည်း ကုန်သွယ်ရေးမညီမျှမှု ပြဿနာကြောင့် အလုပ်မဖြစ်ပေ။ ပြည်ပသို့သွားရောက်အလုပ်လုပ်သူ များပြားလာသောအခါ ဤနိုင်ငံ၌ ပညာရှင်ဆုံးရှုံးမှု ပြဿနာနှင့် ရင်ဆိုင်ရပြန်သည်။ သို့သော် သဘာဝကပေးထားသည့် ထုတ်ယူသုံးစွဲမကုန်သော ဂေဟစနစ်က အပြည်ပြည်မှ ကမ္ဘာလှည့်ခရီးသည်များကို လက်ယပ်ခေါ်လျက်ရှိရာ ဤနိုင်ငံ၏ အနာဂတ်အလားအလာမှာ တောက်ပလျက်ရှိနေပါသည်။ ။

(အင်တာနက်)

ကွဲပြားခြားနားသော အပင်ငယ်များ၊ သစ်ကြီးဝါးကြီးများ၊ ထူးထွေဆန်းပြားသော ကျေးငှက်သာရကာများ၊ ပိုးမွှားများ၊ ရောမသားကောင်များဖြင့် ပြည့်လျှံနေသည်။ သဘာဝပတ်ဝန်းကျင်နှင့် တိရစ္ဆာန်များကို ကမ္ဘာလှည့်ခရီးသည်များ အထူးစိတ်ဝင်စားကာ မလာလျှင် မနေနိုင်အောင် ဆွဲဆောင်နိုင်စွမ်းရှိ။

# ကမ္ဘာတစ်လွှားထူးထူးခြားခြား

ကမ္ဘာတစ်လွှားထူးထူးခြားခြား ကမ္ဘာတစ်လွှားထူးထူးခြားခြား ကမ္ဘာတစ်လွှားထူးထူးခြားခြား

မောင်မောင်မြင့်ဆွေ - စုစည်းတင်ပြ၍ ★ ယဉ်ယဉ်အေး(မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းသည်



## မော်တော်ယာဉ် အများဆုံးစုစည်း မောင်းနှင်မှု

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့မှ နယူးဒေလီမြို့သို့ ဆလွန်းကားအမျိုးအစား အစီးရေ ၅၅၀ကို တစုတစည်းတည်း စုပေါင်း၍ မောင်းနှင်လာခဲ့ရာ ကမ္ဘာပေါ်တွင် မော်တော်ယာဉ် စီးရေအများဆုံး စုစည်းမောင်းနှင်မှု အဖြစ် ဂင်းနက်စ်မှတ်တမ်း၌ဖော်ပြခံရသည်။ (အောက်ပုံ)

(အင်တာနက်ဓာတ်ပုံ)



## ကမ္ဘာ့အကြီးဆုံး ကျောက်စီပန်းချီကား

ဖီလစ်ပိုင်နိုင်ငံ မနီလာမြို့ဥယျာဉ်၌ ဓာတ်ပုံနှင့် ပန်းချီဆရာများစုပေါင်း၍ တာပေါ်လင်ပိတ်စကြီးတစ်ခုပေါ်တွင် ကျောက်၊ ဖန်၊ မှန်စများဖြင့် စုပေါင်းစီခြယ် ဖော်ပြသော ပန်းချီကားတစ်ချပ် ပြုလုပ်ခဲ့ကြသည်။

၄င်းပိတ်စပန်းချီကားကြီးသည် အလျားပေ ၂၅၀နှင့် အနံပေ ၂၀၀ရှိရာ ကမ္ဘာပေါ်တွင်အကြီးဆုံး ကျောက်၊ ဖန်နှင့်မှန် ပန်းချီကားအဖြစ် ဂင်းနက်စ် မှတ်တမ်း၌ ဖော်ပြခံရသည်။ (အပေါ်ပုံ)

(အင်တာနက်ဓာတ်ပုံ)



## ပုံစံမျိုးစုံဖြင့် အမြန်ဆုံး ဘောလုံးထိန်းနိုင်သူ

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့လယ်ရှိ ပြပွဲခန်းမတစ်ခု၌ အင်္ဂလန်နိုင်ငံသား ဂျီရီမီလန့် အမည်ရှိ အမျိုးသားတစ်ဦးက အချိန် ၃၃စက္ကန့်အတွင်း ခြေ၊ ခေါင်း၊ ရင်ဘတ်၊ ဒူးစသည့် ပုံစံအမျိုးအစား ၁၃မျိုးပြောင်းကာ ဘောလုံးကိုထိန်းသိမ်းပြနိုင်ခဲ့သဖြင့် ကမ္ဘာပေါ်တွင် အချိန်တိုအတွင်း ပုံစံမျိုးစုံစွာ ဘောလုံးထိန်းပြနိုင်သူအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။ (အပေါ်ပုံ)

(အင်တာနက်ဓာတ်ပုံ)



# မိုးကြိုငွေချည်(၆)ဝါ ဝက်လက်မြို့၌ အောင်မြင်ဖြစ်ထွန်း

ဝက်လက် ဩဂုတ် ၂

ရွှေဘိုခရိုင် စိုက်/ကြပ် ခရိုင်စိုက်ပျိုးရေးမန်နေဂျာ ဦးသိန်းဝင်းဦးဆောင်၍ မြို့နယ်စိုက်ပျိုးရေးမန်နေဂျာများ၊ ကျေးရွာအုပ်စုရှစ်အုပ်စုမှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များပါဝင်သော အဖွဲ့နှင့် ရွှေဘိုမြို့ စိုက်ပျိုးရေးသိပ္ပံမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီရီတင်နှင့် ဆရာဆရာမများသည် ဇူလိုင် ၃ရက်က ဝက်လက်မြို့နယ် သမံသာကျေးရွာအုပ်စုရှိ ဝါစိုက်ဧက ၇၆ဧကတွင် အောင်မြင်ဖြစ်ထွန်းနေသော မိုးကြို ငွေချည်(၆) ဝါများကို သွားရောက်ကြည့်ရှုလေ့လာကြရာ ဝက်လက်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မြင့်၊ မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးလှမြင့်နှင့် သမံသာကျေးရွာမှ ဝါစိုက်တောင်သူများက ဝါအောင်မြင်ဖြစ်ထွန်းမှုအခြေအနေနှင့် စိုက်ပျိုးနည်းစနစ်များကို ရှင်းလင်းပြောကြားခဲ့သည်။ **(အပေါ်ပုံ)** (မြို့နယ် ပြန်/ဆက်)

# သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေး လှိုင်ကော်၌ ကွင်းဆင်းဆောင်ရွက်

လှိုင်ကော် ဩဂုတ် ၂

လှိုင်ကော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများကို မြို့ပေါ်ကျောင်းများနှင့် ကျေးလက်ကျောင်းများတွင် ဇူလိုင် ၂၀ရက်က ဆောင်ရွက်ခဲ့ရာ ပန်ဘန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ခြင်ဆေးဖျန်းဆောင်ရွက်နေမှုအား ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဝင်းမောင်က ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး အမှုဆောင်အရာရှိ ဦးထွန်းဇော်ချစ်က အနီးကပ်ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

# မြို့နယ် သတင်း ထွေတလာ




# မကွေးတိုင်းရင်းဆေးရုံ (၈)နှစ်မြောက်နေ့ ကျင်းပ

မကွေး ဇူလိုင် ၂၉

မကွေးတိုင်း တိုင်းရင်းဆေး ပညာဦးစီးဌာန၏ မကွေးတိုင်းရင်းဆေးရုံ (၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ဇွန် ၂၈ရက် နံနက် ၆နာရီက မကွေးတိုင်းရင်းဆေးရုံ၌ ကျင်းပသည်။

**ပေးအပ်**

အခမ်းအနားတွင် ဦးဝင်းမြင့် (မကွေးဝင်းမြင့်)-ဒေါ်မြင့်မြင့်မေ မေတ္တာရှင်ဆေးတိုက်မိသားစုက ဆေးပဒေသာပင် အလှူငွေကျပ် တစ်သိန်း၊ ရန်ကုန်မြို့ ဦးကြည်မောင်-ဒေါ်အေးမြင့်ထွန်းမိသားစု သစ်စက်က ဆေးပဒေသာပင် အလှူငွေကျပ် တစ်သိန်း၊ မကွေးမြို့နယ် ဆားတိုင်ကန်ကျေးရွာ ဦးကျော်ဝင်း-ဒေါ်လှရီ မိသားစုက ဆေးပဒေသာပင် အလှူငွေကျပ် တစ်သိန်းတို့ကို ပေးအပ်လှူဒါန်းရာ ဆေးရုံကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိန်လှိုင်၊ တိုင်းဦးစီးဌာနမှူး ဒေါ်ကြူကြူနှင့် ဆေးရုံအုပ် ဦးအောင်စိုးတို့က လက်ခံယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

**(တိုင်းရင်းဆေးရုံ)**

# မြို့နယ်ပညာရေးမှူးဖလား ဘောလုံးပြိုင်ပွဲ နေပြည်တော်တပ်ကုန်း၌ ကျင်းပ

နေပြည်တော် ဇူလိုင် ၃၁

၂၀၁၀-၂၀၁၁ ပညာသင်နှစ် နေပြည်တော်တပ်ကုန်း မြို့နယ်ပညာရေးမှူးဖလား အသက်(၁၃)နှစ်အောက် အခြေခံပညာကျောင်းပေါင်းစုံ ဘောလုံးဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို နေပြည်တော်တပ်ကုန်း မြို့နယ်အားကစားကွင်း၌ကျင်းပသည်။ ဇူလိုင် ၃၁ရက် နံနက် ၁၀နာရီက ကျင်းပသော အမျိုးသားပြိုင်ပွဲတွင် ညောင်လွန့်အလကအသင်းက အထက(၂) နေပြည်တော် အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

**ပေးအပ်ချီးမြှင့်**

အနိုင်ရဗိုလ်စွဲသွားသော အမျိုးသား ညောင်လွန့်အလကအသင်းနှင့် အမျိုးသမီး အထက(၁)အသင်း **(အပေါ်ပုံ)**တို့အား မြို့နယ်ပညာရေးမှူး ဦးဝင်းမြင့်က မြို့နယ်ပညာရေးမှူးဖလား ပေးအပ်ချီးမြှင့်သည်။ (ဝ၉၁)

# အခြေခံပညာမူလတန်းလွန်ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနား ခင်ဦးမြို့နယ်၌ ကျင်းပ

ခင်ဦး ဇူလိုင် ၂၈

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ခင်ဦးမြို့နယ် ပင်တင်းကျေးရွာ အခြေခံပညာမူလတန်းလွန် ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၂၀ရက် နံနက် ၉ နာရီက အဆိုပါကျောင်းရှေ့၌ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးဘကျမ်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးမျိုးဝင်းခိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

**ပြန်လည်ပြောကြား**

ဆက်လက်၍ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်လွင်က အဖွင့်အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာကြီး ဦးဘကျမ်က ပညာရေးဆိုင်ရာများကိုပြောကြားကာ ကျေးရွာဥက္ကဋ္ဌ ဦးမျိုးဝင်းခိုင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

(မြို့နယ် ပြန်/ဆက်)

**မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီး မီးဘေးလုံခြုံရေးနှင့် ကြိုတင်ကာကွယ်ရေးအတွက် ဇူလိုင် ၃ရက်က မြို့နယ် ရဲတပ်ဖွဲ့၊ မီးသတ်ဦးစီးဌာနမှူး၊ လျှပ်စစ်ဌာန၊ စည်ပင်နှင့်ဈေးမိဈေးဖတို့ ဈေးရုံတစ်ရုံချင်းအလိုက် လျှပ်စစ်မီးကြိုးများ၊ လုံခြုံရေးမီးများထားရှိမှုအခြေအနေတို့ကို စစ်ဆေးကြပ်မတ်ဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)



# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဟောပြောပွဲများ ကျိုက်ထိုမြို့နယ်၌ ကျင်းပမည်

နေပြည်တော် ဩဂုတ် ၂

မွန်ပြည်နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် ကျိုက်ထိုမြို့နယ် ရဲတပ်ဖွဲ့က ကြီးမှူးကျင်းပမည့် ရပ်ကွက်နှင့်ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ပြည်သူများနှင့် အခြေခံပညာအထက်တန်း၊ အလယ်တန်း ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ သိရှိလိုက်နာစေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးဟောပြောပွဲများကို ဩဂုတ်လ ပထမပတ်မှစတင်၍ ကျိုက်ထိုမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးများနှင့် အခြေခံပညာအထက်တန်းကျောင်းနှင့် အလယ်တန်းကျောင်းများ၌ ဟောပြောပို့ချမည်ဖြစ်သည်။

**ဟောပြောပို့ချ**

အဆိုပါဟောပြောပွဲများကို ကျိုက်ထိုမြို့နယ် ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးခင်အောင်က ကြီးကြပ်ကာ ရပ်ကွက်ခြောက်ခုနှင့် ကျေးရွာ ၄၅ရွာတို့၌ ကွင်းဆင်းဟောပြောပို့ချသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တံတားပြုပြင်

**မြိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ထားဝယ်ကမ်းတံတား ပျက်စီးနေမှုအား ပြုပြင်ဆောင်ရွက်နေမှုကို ဇွန် ၂၄ရက်က အမှုဆောင်အရာရှိ ဦးသက်ဦးရှိန်နှင့် တာဝန်ခံအင်ဂျင်နီယာဦးနေမျိုးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)



**ချောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ သန့်ရှင်းရေးဝန်ထမ်းများနှင့် အမှတ်(၈)ရပ်ကွက်နေ ပြည်သူများပူးပေါင်း၍ ဇူလိုင် ၇ရက်က ရပ်ကွက် ပျဉ်းမလမ်းဘေးရှိ ရေမြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် အမှိုက်များဆယ်ယူခြင်း၊ တူးဖော်ခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးစိုးသန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်မင်းသန့်တို့ ကြီးကြပ်စဉ်။** (မြို့နယ်စည်ပင်)



# မကွေးခရိုင် ကော်မရှင်အဖွဲ့ခွဲဝင်များ တောင်တွင်းကြီးမြို့နယ်၌ ရှင်းလင်းဆွေးနွေး

တောင်တွင်းကြီး ဇူလိုင် ၃၁

မကွေးခရိုင် ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးစန်းအောင်နှင့်အဖွဲ့ဝင် ဦးသန်းငွေး၊ ဦးမြင့်စိုးတို့သည် ဇူလိုင် ၂၅ရက် နံနက် ၁၀နာရီက တောင်တွင်းကြီးမြို့နယ် ကော်မရှင်အဖွဲ့ခွဲရုံး၌ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာ ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များနှင့်တွေ့ဆုံပြီး မဲရုံများလျာထားသတ်မှတ်ပြီးစီးမှု၊ မဲရုံမှူး၊ ဒုမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ ဖွဲ့စည်းမှုနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် မြို့နယ်ကော်မရှင်အဖွဲ့ခွဲနှင့် ရပ်ကွက်၊ ကျေးရွာကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၏ တင်ပြမေးမြန်းချက်များကို ရှင်းလင်းဆွေးနွေးပြီး မဲရုံလျာထားသည့် အဆောက်အအုံများကို ကြည့်ရှုစစ်ဆေးသည်။ (၂၀၃)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ



## ကျိုက်ထို၌ တိုင်းရင်းဆေးသေတ္တာဖြန့်ဝေ

**ကျိုက်ထို ဇူလိုင် ၃၀**

ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန၏ အရေးပေါ်မြန်မာ့တိုင်းရင်းဆေးသေတ္တာ တိုးချဲ့ဖြန့်ဝေခြင်းအခမ်းအနားကို ဇူလိုင် ၁၅ရက်က ကျိုက်ထိုမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသည်။

**ရှင်းလင်း**

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်အောင်ဝင်းက အမှာစကားပြောကြားပြီး မြို့နယ်တိုင်းရင်းဆေးကုဌာန တာဝန်ခံလက်ထောက် တိုင်းရင်းဆေးခန်းမှူးဒေါ်ဝင်းမွေးက တိုင်းရင်းဆေးသေတ္တာ တိုးချဲ့ဖြန့်ဝေပေးအပ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

**လက်ခံ**

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကျေးရွာ ၄၅ရွာသို့ တိုင်းရင်းဆေးသေတ္တာများကိုပေးအပ်ရာ သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများက လက်ခံယူကြသည်။ **(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

## ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းသင်တန်း ရမည်းသင်းမြို့နယ်၌ဖွင့်

**ရမည်းသင်း ဩဂုတ် ၁**

ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ် ကော်မရှင်အဖွဲ့ခွဲက ကြီးမှူး၍ ရပ်ကွက်နှင့်ကျေးရွာအုပ်စုမဲရုံမှူး၊ ဒုတိယမဲရုံမှူးများ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းဖွင့်ပွဲကို ဇူလိုင် ၂၄ ရက်နှင့် ၂၅ရက်များတွင် ရမည်းသင်းမြို့နယ် အထက်တန်းကျောင်း၌ ကျင်းပရာ အခမ်းအနားတွင် ရမည်းသင်းခရိုင်ကော်မရှင် အဖွဲ့ခွဲ အဖွဲ့ဝင် ရမည်းသင်းမြို့နယ်တာဝန်ခံဦးစိုးမြင့်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးငွေသိန်းက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

**တက်ရောက်**

ထို့နောက် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များက ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်မဲရုံမှူး၊ ဒုတိယ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၏ လုပ်ငန်းလမ်းညွှန်များကို ရှင်းလင်းဆွေးနွေးကြသည်။ ထို့နောက် မဲရုံများတွင် ဆန္ဒမဲပေးခြင်း သရုပ်ပြပွဲကိုကျင်းပပြီး မဲဆန္ဒရှင်များ မဲပေးပုံနှင့် မဲရုံအဖွဲ့ဝင်များ လုပ်ဆောင်ရမည့် တာဝန်များကို ရှင်းလင်းပြသသည်။ အဆိုပါ သင်တန်းသို့ မဲရုံမှူး၊ ဒုတိယ မဲရုံမှူးနှင့် အဖွဲ့ဝင် ၄၇၄ဦး တက်ရောက်ကြသည်။ **(မြို့နယ်ကော်မရှင်ခွဲ)**

**ဆီမီး ၉၉၀၀အဖွဲ့(အင်းစိန်) (၁၆)ကြိမ်မြောက်စုပေါင်းအလှူအတွက် အင်းစိန် လှိုင်မြစ်လမ်း အင်းစိန်ဈေးကြီးရှေ့နေ ဦးအောင်ဝင်း-ဒေါ်ခင်ပြုံးဝင်းမိသားစု (ကုန်စုံဆိုင်) က အလှူငွေကျပ် ၂၅၀၀၀၀ကို ဇူလိုင် ၂၈ရက်က ဆီမီး ၉၉၀၀အဖွဲ့ရုံးနှင့်စုပေါင်းရုံးဝင်း အင်းစိန်သို့ လာရောက်လှူဒါန်းရာ အဖွဲ့နာယက ဦးစိုးဝင်း (သတင်းထောက်စဉ့်ကူစိုးဝင်း)၊ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးအေးသီ(တရားရုံးချုပ်ရှေ့နေ)တို့က လက်ခံယူစဉ်။** (၁၂၇)

## စာပေညီလာခံ အတွေ့အကြုံရှင်းပွဲ မကွေး၌ကျင်းပ

**မကွေး ဇူလိုင် ၂၈**

မကွေးမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ ပဉ္စမအကြိမ် စာပေညီလာခံ အတွေ့အကြုံရှင်းလင်းပွဲကို ဇွန် ၂၇ရက် နံနက် ၈နာရီက မကွေးမြို့ မေတ္တာလမ်း ဇမ္ဗူရစ်ရွှေခန်းမ၌ ကျင်းပရာ အခမ်းအနားမှူး ဦးဇော်မြင့်ဇော်(ဗန္ဓုရ)က ဆောင်ရွက်ပြီး သဘာပတိဦးလှမြင့် (မကွေးလှမြင့်) နှင့် မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမြင့် (မကွေးဝင်းမြင့်) တို့က အဖွင့်အမှာစကားပြောကြားကြသည်။

ထို့နောက် တွဲဖက်အတွင်းရေးမှူး ရေနံ့သာအောင်ချမ်းဇော်နှင့် ဘဏ္ဍာရေးမှူး ဦးကြည်တင် (တင်လင်းဇော်) တို့က ဆောင်ရွက်ပြီးစီးသည့် လုပ်ငန်းများနှင့် ဘဏ္ဍာရေးရှင်းတမ်းများကို ဖတ်ကြားသည်။ ဆက်လက်၍ ညီလာခံကိုယ်စားလှယ် ဦးတင်အောင်ငွေ (နေခြည်မကွေး) က ညီလာခံအတွေ့အကြုံများကို ရှင်းလင်းပြောကြားသည်။ **(မြို့နယ်စာပေနှင့်စာနယ်ဇင်း)**



## ညောင်ဦးမြို့ အထက ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲကျင်းပမည်

**ရန်ကုန် ဩဂုတ် ၃**

မန္တလေးတိုင်း ညောင်ဦးမြို့ အခြေခံပညာအထက်တန်းကျောင်း၌ တာဝန်ထမ်းဆောင်ခဲ့ကြသော အငြိမ်းစား(သက်ပြည့်) ဆရာကြီး ဆရာမကြီးများကို ကျောင်းသားကျောင်းသူဟောင်းများစုပေါင်း၍ နှစ်စဉ် အာစရိယပူဇော်ပွဲ ကျင်းပနိုင်ရန် ဇူလိုင် ၁၄ရက်၌ ညောင်ဦးမြို့ အမှတ်(၃)ရပ်ကွက် ဦးဗုဒ္ဓမကျောင်းဝင်းအတွင်းရှိ ဆယ်ဆင်မေမ္မာရုံ၌ညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့ရာ ဒီဇင်ဘာ၁၂ရက်၌ အာစရိယပူဇော်ပွဲကျင်းပရေး ညှိနှိုင်းဆုံးဖြတ်ခဲ့ကြပြီး ကန်တော့ခံဆရာကြီး ဆရာမကြီးများနှင့် ရပ်ဝေးရပ်နီးမှ ကျောင်းသား ကျောင်းသူဟောင်းများ ကန်တော့ခံစာရင်း ဆက်သွယ်ပေးပို့နိုင်ကြောင်းနှင့် အာစရိယပူဇော်ပွဲကော်မတီသို့ လှူဒါန်းလိုသူများ ဘဏ္ဍာရေးမှူး ကိုသောင်းမင်းညွန့် ဖုန်း-၀၉-၂၀၉၉၁၀၂၊ ဘဏ္ဍာငွေရှာဖွေရေး ဆပ်ကော်မတီတာဝန်ခံ ကိုအောင်လှိုင်ဝင်း ဖုန်း-၀၉-၂၀၄၃၂၉၃၊ တွဲဖက်အတွင်းရေးမှူး ကိုဇင်ထွဋ် ဖုန်း-၀၉-၂၀၄၂၆၇၅ နှင့် ပြန်ကြားရေးတာဝန်ခံ ကိုအောင်မျိုးခိုင် ဖုန်း-၀၉-၂၀၄၃၃၉၅တို့သို့ ဆက်သွယ်နိုင်သည်။ (၁၁၃)

## သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး ပညာပေး သင်တန်းဖွင့်

**မုံရွာ ဇူလိုင် ၂၉**

မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ရုံးချုပ်မှ မန်နေဂျာ ဦးတင်ဝင်း ခေါင်းဆောင်သည့် နည်းပညာပြန့်ပွားရေးအဖွဲ့(၅)သည် ဇူလိုင် ၁၃ရက်က မုံရွာမြို့ တိုင်းစိုက်ပျိုးရေးရုံး အစည်းအဝေးခန်းမ၌ မုံရွာခရိုင်၊ စစ်ကိုင်းခရိုင်နှင့် ကလေးခရိုင်အတွင်းရှိမြို့နယ်များမှ စိုက်ပျိုးရေးဝန်ထမ်းများအားလည်းကောင်း၊ ဇူလိုင် ၁၄ရက်တွင် ရွှေဘိုမြို့ ခရိုင် စိုက်ပျိုးရေးရုံး အစည်းအဝေးခန်းမ၌ ခရိုင်အတွင်းရှိ မြို့နယ်များမှ စိုက်ပျိုးရေးဝန်ထမ်းများအား လည်းကောင်း၊ ဇူလိုင်၁၅ရက်တွင် အင်းတော်မြို့ မြို့နယ်စိုက်ပျိုးရေးရုံး အစည်းအဝေး ခန်းမ၌ ခရိုင်အတွင်းရှိမြို့နယ်များမှ စိုက်ပျိုးရေးဝန်ထမ်းများအားလည်းကောင်း စိုက်ပျိုးရေးနည်းပညာဆိုင်ရာ ဘာသာရပ်အလိုက် သင်ကြားပို့ချသည်။ **(ယာပုံ)**

**ပို့ချ**

အဆိုပါသင်တန်းတွင် မြေဆီဩဇာ ထက်သန်ရေး၊ ရေစနစ်တကျသုံးစွဲရေး၊ တီကျစ်စာမြေဆွေး ထုတ်လုပ်သုံးစွဲရေး၊ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေး၊ စပါး မျိုးကောင်းမျိုးသန့် ထုတ်လုပ်မှုနည်းပညာ ရပ်များကို ပို့ချခဲ့သည်။ **(ခရိုင် ပြန်/ဆက်)**

မြို့နယ်
သတင်း
ထွေထွေလာ



## မြန်မာအမျိုးသမီးများနေ့ ဆီဆိုင်မြို့နယ်၌ကျင်းပ

**ဆီဆိုင် ဇူလိုင် ၂၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဆီဆိုင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ဦးစီးကျင်းပသည့် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ဇူလိုင် ၃ရက် နံနက် ၁၀နာရီက ဆီဆိုင်မြို့ အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

**ဂုဏ်ပြုဆု**

အခမ်းအနားတွင် အထကကျောင်းသူလေးများက မြန်မာအမျိုးသမီးများနေ့သီချင်းဖြင့် သီဆိုဖွင့်လှစ်ကြပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြမြက မြန်မာအမျိုးသမီးများနေ့ ပေါ်ပေါက်လာပုံနှင့် မြန်မာအမျိုးသမီးများနေ့ ကျင်းပရခြင်း၏ ရည်ရွယ်ချက်(၇)ရပ်ကို ရှင်းလင်းပြောကြားကာ ၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ဂုဏ်ထူးများနှင့် အောင်မြင်ခဲ့သော ကျောင်းသားကျောင်းသူများနှင့် သင်ကြားပို့ချပေးခဲ့ကြသည့် ဆရာဆရာမများအား ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်သည်။ (၀၁၅)

## အသည်းရောင်အသားဝါ(ဘီ)ပိုးနှင့် (စီ)ပိုး ကာကွယ်ရေးနှိုးဆော်ချက်

အသည်းရောင်အသားဝါရောဂါဖြစ်စေသော ရောဂါပိုးများတွင် အသည်းရောင်အသားဝါ(ဘီ)ပိုးနှင့် (စီ)ပိုးများလည်း ပါဝင်သည်။ (ဘီ)နှင့် (စီ)ဗိုင်းရပ်(စ်) ပိုးများသည် တစ်ဦးနှင့်တစ်ဦးသွေးနှင့် ကိုယ်တွင်းအရည်များမှတစ်ဆင့် ကူးစက်နိုင်သည်။ အသည်းရောင် အသားဝါဖြစ်ရာမှ အသည်းခြောက်ခြင်း၊ အသည်းကင်ဆာဖြစ်ခြင်းကြောင့် သေဆုံးသည်အထိ အန္တရာယ်ရှိသည်။

သို့ဖြစ်၍ အသည်းရောင်အသားဝါ (ဘီ)ပိုးနှင့်(စီ)ပိုး ကူးစက်ပျံ့နှံ့ခြင်းမှ ကာကွယ်ရန်အတွက်-

(က) တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုစိုက်ပါ။ သွားပွတ်တံစသည်တို့ကို သီးခြားအသုံးမပြုလျှင် ကူးစက်တတ်သည်ကို သတိပြုပါ။

(ခ) လိင်ဆက်ဆံရာမှ ကူးစက်တတ်သည်ကို သတိပြုပါ။

(ဂ) အပ်စိုက်၊ ဆေးထိုး ဆေးသွင်းရာမှ ကူးစက်တတ်သဖြင့် သန့်ရှင်းသော တစ်ခါသုံးအပ်များကိုသာ အသုံးပြုပါ။

(ဃ) သွေးမှတစ်ဆင့် ကူးစက်မှုကို ကာကွယ်ရန်အတွက် သန့်စင်သောသွေးရရှိရန် ဆောင်ရွက်ပါ။

(င) ရောဂါကာကွယ်ကုသရန်အတွက် နီးစပ်ရာကျန်းမာရေးဌာနနှင့် ဆက်သွယ်ဆောင်ရွက်ပါ။

**ကျန်းမာရေးဝန်ကြီးဌာန**



★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

## ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

**မြန်မာ့အလင်း ဆောင်းပါး အညွှန်း**

ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားတည်ဆဲဥပဒေများအရ ပြည်သူများအား ရွေးကောက်ပွဲဆိုင်ရာ အခွင့်အရေးများ ပေးထားပြီးဖြစ်သော်လည်း ပြည်သူများက ယင်းအခွင့်အရေးများအား ကျင့်သုံးဆောင်ရွက်ခြင်းကို နှောင့်ယှက်ဖျက်ဆီးသည်များလည်း ရှိကောင်းရှိနိုင်သဖြင့် ထိုသို့ နှောင့်ယှက်ဖျက်ဆီးသူများအား အရေးယူတားဆီးနိုင်ရန် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များကို ပြဋ္ဌာန်းကျင့်သုံး ဆောင်ရွက်ရခြင်းဖြစ်ပေသည်။

ဥပဒေလေ့လာသူတစ်ဦး၏ ရွေးကောက်ပွဲတွင် တည်ငြိမ်အေးချမ်းရေးနှင့် ဒီမိုကရေစီ ဆောင်းပါး (စာ - ၈၊ ၉)

## ကမ္ဘာ့အသေးငယ်ဆုံး ရေငုပ်သင်္ဘော တီထွင်ထုတ်လုပ်



မောင်ချစ်ကြည် - ရေးသားသည်

ကနေဒါနိုင်ငံသား ပီအီရီပေါလင်းအမည်ရှိ အမျိုးသားတစ်ဦးက ကမ္ဘာပေါ်တွင် အသေးငယ်ဆုံး ရေငုပ်သင်္ဘောလေးတစ်စင်းကို မကြာမီက တီထွင်ထုတ်လုပ်လိုက်သည်။ (ဓါတ်ပုံ)

**အလေးချိန်**

အဆိုပါ ရေငုပ်သင်္ဘောလေး၏ အလေးချိန်မှာ ၁၃၆၆ ဒသမ ၉ပေါင် လေးသည်။ မောင်းနှင်သူတစ်ဦးတည်းသာ စီးနင်းနိုင်ပြီး ရေအောက်၌မောင်းနှင်စဉ် ကြိုတင်အချက်ပေးစနစ်များ တပ်ဆင်ထားသည်ဖြစ်ရာ လုံခြုံမှုရှိကြောင်း သိရသည်။ စာမျက်နှာ ၃ ကော်လံ ၃ ●

**မြန်မာ့အလင်း နိုင်ငံတကာအားကစားသတင်းအညွှန်း**



မောင်မောင်မြင့်ဆွေ၏ ‘အန်ဆယ်လော့တီရဲ့ ဖွင့်ဟစကား’ (စာ-၁၂)





မြင့်မောင်စိုး၏ ‘မော်ရင်ဟို့နှင့် ဂွါဒီယိုလာ ဘယ်သူသာနိုင်မှာလဲ....’ (စာ-၁၂)

**မှတ်သားဖွယ်ရာ မိုးရေချိန်များ ၃-၈-၂၀၁၀**

| | | |
|---|---|---|
| ရေးမြို့ | ၃ ဒသမ ၉၀ | လက်မ |
| ကျိုက်မရောမြို့ | ၃ ဒသမ ၁၀ | လက်မ |
| ကော့ကရိတ်မြို့ | ၂ ဒသမ ၉၉ | လက်မ |
| ကျိုက္ခမီမြို့ | ၂ ဒသမ ၈၇ | လက်မ |
| မြိတ်မြို့ | ၂ ဒသမ ၈၃ | လက်မ |